# ပြည်သူ့အလုပ်သမားပါတီ

# ပါတီစည်းမျဉ်းနှင့်ဖွဲ့စည်းပုံ

## နိဒါန်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားများ ဖြစ်ကြသော အလုပ်သမားများနှင့် လယ်သမားများ၏ အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ရန်လည်းကောင်း၊ အသိပညာရှင်အတတ်ပညာရှင်များ၏ အကျိုးကို ကူညီဆောင်ရွက်ရန်လည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းများ၏ လုပ်ငန်းခွင်နှင့် အနာဂတ်ကာလ အာမခံချက် ရရှိရန် လည်းကောင်း၊ အခြေခံလူတန်းစားများ၏ စားဝတ်နေမှု ဖူလုံရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် အခြေခံလူမှုဘဝများ တိုးတက်မြင့်မားပြီး နိုင်ငံတော်နှင့် နိုင်ငံသား များ၏အကျိုးစီးပွားအတွက် သယ်ပိုးထမ်းရွက်နိုင်ရန် ဤ ပြည်သူ့အလုပ်သမားပါတီ ကို စုပေါင်းခြင်း၊ ညီညွတ်ခြင်း၊ သွေးစည်းခြင်း၊ တညီတညွတ်တည်းသော စွမ်းပကားဖြင့် တည်ထောင်လိုက်သည်။

## အခန်း(၁)

## <u>အမည်၊ အလံ၊ တံဆိပ် နှင့် အဓိပ္ပါယ်ဖွင့်ဆိုချက်များ</u>

<u>**ပါတီအမည်**</u>

၁။ ဤပါတီအမည်ကို မြန်မာဘာသာအားဖြင့် **ပြည်သူ့အလုပ်သမားပါတီ** ဟုခေါ်တွင်စေရမည်ဖြစ်ပြီး အင်္ဂလိပ်ဘာသာအားဖြင့် **“PUBLIC of LABOUR PARTY (PLP)”** ဟု ခေါ်တွင်စေရမည်။

<u>အလံ</u>

၂။ ပြည်သူ့အလုပ်သမားပါတီ၏ အလံသည် အပြာရောင်နောက်ခံ၏ အလယ်တည့်တည့်ပေါ်တွင် အသွားတစ်ဆယ့်လေးခုပါဝင်သော မီးခိုးရောင်စက်သွားနှင့် အဆိုပါစက်သွား၏ အတွင်းတွင် အနီရောင် မြန်မာပြည်မြေပုံ ပါရှိသည်။ မီးခိုးရောင်စက်သွား၏ ဘေးတစ်ဘက်တစ်ချက်တွင် အောက်ခြေမှ ယှက်ကာ အပေါ်သို့ဝိုက်၍တက်သွားသောရွှေဝါရောင်စပါးနှံတစ်ခုစီ ပါရှိပြီး မီးခိုးရောင်စက်သွား၏ အပေါ်ဘက်တွင် “ပြည်သူ့အလုပ်သမားပါတီ” ဆိုသော အဖြူရောင်စာတန်းအခုံးနှင့် အောက်ခြေတွင် “ **PUBLIC of LABOUR PARTY** ”ဆိုသောအဖြူရောင်အင်္ဂလိပ်စာတန်းတို့ ပါရှိပါသည်။ အလံသည် စံပြု အရွယ်အစားအားဖြင့် စက်သွားမှာ အချင်း ၁ ပေနှင့် ၆ လက်မ ဖြစ်ပြီး အလံ၏ အရွယ်အစားမှာ အလျား ၅ ပေ၊ အမြင့် ၃ ပေ ဖြစ်သည်။




၃။ အလံတွင်ပါဝင်သောအရောင်များနှင့် ကိုယ်စားပြုသင်္ကေတများ၏ ဆိုလိုရင်းအဓိပ္ပါယ်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) အရောင်များ၏အဓိပ္ပါယ်မှာ အောက်ခံအပြာရောင်သည် တည်ကြည်ခြင်း၊ အဆုံးအစမဲ့ ကျယ်ပြန့် လွှမ်းခြုံခြင်း သဘောကို ဖော်ညွှန်းပြီး အနီရောင်သည် ရဲရင့်ခြင်း၊ သူရသတ္တိရှိခြင်း၊ နိုးကြားတတ်ကြွသည့်

သဘောကိုဖော်ဆောင်ကာ အဖြူရောင်သည် သန့်ရှင်းစင်ကြယ်ခြင်း၊ ညီညွတ်မျှတ၍ တစ်ပြေးညီရှိမှုနှင့် ရွှေဝါရောင်သည် ကြီးကျယ်မြင့်မြတ်ခြင်းဟူသော အဓိပ္ပါယ်ကို ဖော်ညွှန်းပါသည်။

(ခ) ကိုယ်စားပြုသင်္ကေတများ၏ အဓိပ္ပါယ်မှာ မြန်မာပြည်မြေပုံသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို ရည်ညွှန်းသည်။ စက်သွားသည်နိုင်ငံတော်တည်ဆောက်ရေးယန္တရားနှင့်စက်သွားတွင်ပါရှိသော ညီမျှသည့် အသွားတစ်ဆယ့်လေးခုမှာ ပြည်နယ်နှင့် တိုင်းဒေသကြီး တစ်ဆယ့်လေးခုနှင့် ထိုအရပ်ဒေသများရှိ လူထုလူတန်းစားများကိုရည်ညွှန်းသည်။စက်သွားတွင်ပါရှိသော အသွားများနှင့်၎င်းတို့၏ ညီမျှသည့် ဝန်းရံမှုမှာ နိုင်ငံတော်အတွင်းရှိ လူထုလူတန်းစားများနှင့် ၎င်းတို့မှ နိုင်ငံတော်အပေါ် ညီတူမျှတူဝန်းရံခြင်းကို ရည်ညွှန်းသည်။ စပါးနှံများသည် နိုင်ငံသားများ၏ စားနပ်ရိက္ခာ ဖူလုံလောက်ငစေမှု အား ရည်ညွှန်းသည်။

**<u>တံဆိပ်</u>**

၄။ ပြည်သူ့အလုပ်သမားပါတီ၏ အမှတ်တံဆိပ်သည် အပြာရောင်နောက်ခံ၏ အလယ်တည့်တည့်ပေါ်တွင် အသွားတစ်ဆယ့်လေးခု ပါဝင်သော မီးခိုးရောင်စက်သွားနှင့် အဆိုပါ စက်သွား၏ အတွင်းတွင် အနီရောင်မြန်မာပြည်မြေပုံပါရှိသည်။ မီးခိုးရောင်စက်သွား၏ ဘေးတစ်ဘက်တစ်ချက်တွင် အောက်ခြေမှ ယှက်ကာအပေါ်သို့ဝိုက်၍ တက်သွားသော ရွှေဝါရောင် စပါးနှံတစ်ခုစီ ပါရှိပြီး မီးခိုးရောင်စက်သွား၏ အပေါ်ဘက်တွင် “ပြည်သူ့အလုပ်သမားပါတီ” ဆိုသော အဖြူရောင်စာတန်းအခုံးနှင့် အောက်ခြေတွင် “ **PUBLIC OF LABOUR PARTY** ” ဆိုသော အဖြူရောင်အင်္ဂလိပ်စာတန်းတို့ ပါရှိပါသည်။ တံဆိပ်၏ စံပြုအရွယ်အစားမှာ စက်သွားသည် အချင်း ၁ ပေ နှင့် ၆ လက်မဖြစ်ပြီးတံဆိပ်သည်ပုံသဏ္ဌာန်အားဖြင့်အလျား ၃ ပေ၊ အနံ ၃ ပေရှိစတုရန်းပုံဖြစ်ပါသည်။

၅။ အမှတ်တံဆိပ်တွင်ပါဝင်သော အရောင်များနှင့် ကိုယ်စားပြုသင်္ကေတများ၏ ဆိုလိုရင်းအဓိပ္ပါယ်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) အရောင်များ၏အဓိပ္ပါယ်မှာ အောက်ခံအပြာရောင်သည် တည်ကြည်ခြင်း၊ အဆုံးအစမဲ့ ကျယ်ပြန့် လွှမ်းခြုံခြင်း သဘောကို ဖော်ညွှန်းပြီး အနီရောင်သည် ရဲရင့်ခြင်း၊ သူရသတ္တိရှိခြင်း၊ နိုးကြားတတ်ကြွသည့် သဘောကိုဖော်ဆောင်ကာ အဖြူရောင်သည် သန့်ရှင်းစင်ကြယ်ခြင်း ညီညွတ်မျှတ၍ တစ်ပြေးညီရှိမှုနှင့် ရွှေဝါရောင်သည် ကြီးကျယ်မြင့်မြတ်ခြင်း ဟူသော အဓိပ္ပါယ်ကို ဖော်ညွှန်းပါသည်။

(ခ) ကိုယ်စားပြုသင်္ကေတများ၏ အဓိပ္ပါယ်မှာ မြန်မာပြည်မြေပုံသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို ရည်ညွှန်းသည်။ စက်သွားသည်နိုင်ငံတော်တည်ဆောက်ရေးယန္တရားနှင့်စက်သွားတွင်ပါရှိသော ညီမျှသည့် အသွားတစ်ဆယ့်လေးခုမှာ ပြည်နယ်နှင့် တိုင်းဒေသကြီး တစ်ဆယ့်လေးခုနှင့် ထိုအရပ်ဒေသများရှိ လူထုလူတန်းစားများကိုရည်ညွှန်းသည်။စက်သွားတွင်ပါရှိသော အသွားများနှင့်၎င်းတို့၏ ညီမျှသည့်ဝန်းရံမှုမှာ နိုင်ငံတော်အတွင်းရှိ လူထုလူတန်းစားများနှင့် ၎င်းတို့မှ နိုင်ငံတော်အပေါ် ညီတူမျှတူဝန်းရံခြင်းကို ရည်ညွှန်းသည်။ စပါးနှံများသည် နိုင်ငံသားများ၏ စားနပ်ရိက္ခာ ဖူလုံလောက်ငစေမှု အား ရည်ညွှန်းသည်။

## အခန်း(၂)

## <u>ရည်ရွယ်ချက်</u>

၆။ ပြည်သူ့အလုပ်သမားပါတီ၏ ရည်ရွယ်ချက်မှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ပြည်တွင်း၊ ပြည်ပရှိ မြန်မာနိုင်ငံသားအလုပ်သမားများ၏ လူမှုဘဝများ တိုးတက်မြင့်မားရေး ဆောင်ရွက်ရန်

(ခ) လယ်ယာစိုက်ပျိုးရေးကဏ္ဍ၊ မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေး၊ လယ်ယာလုပ်သားများ၊ မွေးမြူရေးနှင့်ရေလုပ်သားများဘဝ လုပ်ငန်းခွင်တည်မြဲရေးနှင့် ၎င်း လူတန်းစားများ၏ ရေရှည်ဘဝရပ်တည်ချက်များတည်ငြိမ်ခိုင်မာမှုရှိရေး ဆောင်ရွက်ရန်

(ဂ) လက်လုပ်လက်စား လူတန်းစားများ လူတန်းစေ့ နေနိုင်ရန် ဖူလုံ

လောက်ငသော အလုပ်အကိုင် အခွင့်အလမ်းများ ရရှိရေး ဆောင်ရွက်ရန်

(ဃ) နိုင်ငံ့ဝန်ထမ်းများအတွက် တိကျခိုင်မာသော အနာဂတ်ဘဝ အာမခံချက်များ ရရှိရေး ဆောင်ရွက်ရန်

(င) အသိပညာရှင်၊အတတ်ပညာရှင်များအတွက်ထိုက်သင့်သောလူမှုဘဝ အဆင့်အတန်းများ ရရှိရေး ဆောင်ရွက်ရန်

(စ) မြန်မာနိုင်ငံသား စီးပွားရေးလုပ်ငန်းရှင်များ၏ လိုအပ်ချက်များအပေါ် အလေးအနက်ထား အကူအညီပေးခြင်းဖြင့် နိုင်ငံတော်၏ ကုန်ထုတ်စွမ်းအား မြှင့်တင်ရေးနှင့် နိုင်ငံသားများအတွက် အလုပ်အကိုင် အခွင့်အလမ်း လိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်ရန်

## အခန်း(၃)

## ဖွဲ့စည်းပုံ

၇။ ပြည်သူ့အလုပ်သမားပါတီ၏ ဖွဲ့စည်းပုံ အဆင့်ဆင့်ကို အောက်ပါအတိုင်း သတ်မှတ် ဖွဲ့စည်းသည်-

(က) ကျေးရွာအုပ်စု (သို့မဟုတ်) ရပ်ကွက်အဆင့်ပါတီခွဲ
(ခ) မြို့နယ်အဆင့် ပါတီခွဲ
(ဂ) ခရိုင်အဆင့် ပါတီခွဲ
(ဃ) တိုင်းဒေသကြီး(သို့မဟုတ်)ပြည်နယ်အဆင့်ပါတီခွဲ
(င) ဗဟိုဌာနချုပ်
(စ) နိုင်ငံလုံးဆိုင်ရာ ပါတီညီလာခံ

၈။ ပါတီကို အောက်ပါပုဂ္ဂိုလ်များ ပါဝင်သော ပါတီဗဟိုအလုပ်အမှုဆောင်ကော်မတီဖြင့် ဖွဲ့စည်းခန့်အပ် တာဝန်ထမ်းဆောင်စေရမည်-

(က) ဥက္ကဋ္ဌ
(ခ) ဒုတိယဥက္ကဋ္ဌ(၁)
(ဂ) ဒုတိယဥက္ကဋ္ဌ(၂)
(ဃ) အထွေထွေအတွင်းရေးမှူး
(င) အတွင်းရေးမှူး(၁)

(စ) အတွင်းရေးမှူး(၂)
(ဆ) ဘဏ္ဍာရေးမှူး
(ဇ) တွဲဘက်ဘဏ္ဍာရေးမှူး
(ဈ) ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်(၁၁) ဦး

၉။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် ပါတီခွဲများမှ ကျေးရွာအုပ်စု သို့မဟုတ် ရပ်ကွက်အဆင့် ပါတီခွဲများအထိ အဆင့်ဆင့်သော ပါတီခွဲများ၏ ဖွဲ့စည်းပုံကို ပထမအကြိမ် နိုင်ငံလုံးဆိုင်ရာ ပါတီညီလာခံ ကျင်းပခြင်း မပြုမီ အချိန်အထိ ဗဟိုအလုပ်အမှုဆောင်ကော်မတီက သင့်လျော်သလို သတ်မှတ်သွားမည်။

## အခန်း(၄)

## ဗဟိုကော်မတီ

၁၀။ ပြည်သူ့အလုပ်သမားပါတီအား စတင်တည်ထောင်ခဲ့သူများ အစုအဖွဲ့သည် ပါတီ၏ အမြင့်ဆုံးသော နိုင်ငံရေးအာဏာပိုင်အဖွဲ့အစည်းဖြစ်သည့် ဗဟိုကော်မတီဝင်များဖြစ်ကြသည်။

၁၁။ ဗဟိုကော်မတီသည် ပထမအကြိမ်နိုင်ငံလုံးဆိုင်ရာ ပါတီညီလာခံ ကျင်းပခြင်း မပြုနိုင်မီအချိန်တွင် ပါတီလုပ်ငန်းစဉ်များတွင် ဦးဆောင် လုပ်ကိုင်နိုင်မည့် ပါတီဗဟိုအလုပ်အမှုဆောင်ကော်မတီကို ပါတီတည်ထောင်သူအချို့နှင့် သင့်လျော်သော အခြားပါတီဝင် ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းပေးရမည်။

၁၂။ ဗဟိုကော်မတီသည် လိုအပ်လျှင် ဗဟိုအလုပ်အမှုဆောင်ကော်မတီကို ယာယီ တိုးချဲ့ခြင်း၊ ပြင်ဆင်ခြင်း ပြုနိုင်သည်။

၁၃။ ပါတီဗဟိုကော်မတီသည် ပုံမှန်အစည်းအဝေးများကို (၆)လတစ်ကြိမ် ကျင်းပရမည်။ပါတီခေါင်းဆောင်သည် လိုအပ်လျှင် အထူးအစည်းအဝေး၊ အရေးပေါ် အစည်းအဝေးများကို ခေါ်ယူနိုင်သည်။ အထူးအစည်းအဝေး ခေါ်ယူမည်ဆိုပါက (၇) ရက် ကြိုတင်၍လည်းကောင်း၊ အရေးပေါ်အစည်းအဝေးခေါ်ယူမည်ဆိုပါက (၃) ရက် ကြိုတင်၍လည်းကောင်း အဖွဲ့ဝင်များအား ဖိတ်ကြားရမည်။

၁၄။ ဗဟိုကော်မတီဝင် တစ်ဦးဦးကို အရေးယူလိုပါက ကျန် ဗဟိုကော်မတီဝင်များ

အများစု၏ သဘောတူညီချက်ကို ရယူရမည်။

## အခန်း(၅)

## ဗဟိုအလုပ်အမှုဆောင်ကော်မတီ

၁၅။ ဗဟိုအလုပ်အမှုဆောင်ကော်မတီ၏ တာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) ပါတီ၏ နေ့စဉ်လုပ်ငန်းများကို ဦးစီး၍အကောင်အထည်ဖော်ရမည်။

(ခ) ပါတီ၏ နိုင်ငံရေးဝါဒ သဘောတရားများနှင့် လုပ်ငန်းစဉ်များ၊ ပါတီ စည်းမျဉ်းနှင့်ဖွဲ့စည်းပုံတို့ကို ပြင်ဆင်ဖြည့်စွက်လိုပါက ပါတီ၏ ဗဟိုကော်မတီ မျက်နှာစုံညီအစည်းအဝေးသို့ တင်ပြပြီး အတည်ပြု ချက် ရယူရမည်။

(ဂ) ဗဟိုအလုပ်အမှုဆောင်ကော်မတီ အစည်းအဝေးများကို အနည်းဆုံး တစ်လတစ်ကြိမ် ပုံမှန်ကျင်းပရမည်။

## ပါတီ (ဗဟို) ဥက္ကဋ္ဌအဖွဲ့

၁၆။ ပါတီ(ဗဟို)ဥက္ကဋ္ဌအဖွဲ့ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းနိုင်သည်-

(က) ပါတီ(ဗဟို) ဥက္ကဋ္ဌ
(ခ) ပါတီ(ဗဟို) ဒုတိယ ဥက္ကဋ္ဌ (၁)
(ဂ) ပါတီ(ဗဟို) ဒုတိယ ဥက္ကဋ္ဌ (၂)

## ပါတီ (ဗဟို) ဥက္ကဋ္ဌအဖွဲ့၏ တာဝန်များ

၁၇။ ပါတီ(ဗဟို)ဥက္ကဋ္ဌအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ပါတီ၏ နိုင်ငံရေးဝါဒ သဘောတရားများနှင့် လုပ်ငန်းစဉ်များအား အစဉ် လေ့လာထိန်းသိမ်းခြင်းနှင့် လိုအပ်ချက် ပေါ်ပေါက်လာမှုများ အလိုက် ဖြည့်ဆည်း ဆောင်ရွက်ရမည်ဖြစ်ပြီး ပါတီစည်းမျဉ်းနှင့် ဖွဲ့စည်းပုံပါသတ်မှတ်ချက်များ၊ ပါတီ၏ နိုင်ငံရေးဝါဒ သဘောတရား နှင့်လုပ်ငန်းစဉ်များပါ သတ်မှတ်ချက်များအရ ဆက်လက်ဆောင် ရွက်ရမည်။

(ခ) ပါတီတွင်း မူဝါဒ၊ ဖွဲ့စည်းပုံ၊ စည်းမျဉ်းများ၊ လုပ်ငန်းစဉ်များရေးဆွဲ/ချမှတ်ရန်အကြောင်း ပေါ်ပေါက်လာပါကပါတီ(ဗဟို)အတွင်းရေးမှူးအဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်ရမည်ဖြစ်ပြီး ပါတီစည်းမျဉ်းနှင့်ဖွဲ့စည်းပုံ အပိုဒ် ၁၅၊ အပိုဒ်ခွဲ (ခ) အရ လည်း ကောင်း၊ ပါတီ၏ နိုင်ငံရေးဝါဒသဘောတရားနှင့် လုပ်ငန်းစဉ်များပါ အထွေထွေ အခန်းကဏ္ဍအရလည်းကောင်း ဆက်လက် ဆောင်ရွက်ရမည်။

(ဂ) ပြည်တွင်း၊ ပြည်ပရှိ နိုင်ငံတော်အဆင့် ပါတီများ၊ အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များနှင့် တွေ့ဆုံဆွေးနွေး ညှိနှိုင်းဆောင်ရွက်ရာတွင် ပါတီအားကိုယ်စားပြု ဦးဆောင်မှု ပြုရမည်။

(ဃ) ပါတီ၏ ဗဟိုကော်မတီနှင့် ဗဟိုအလုပ်အမှုဆောင်ကော်မတီတို့၏ လုပ်ငန်းများကို တာဝန်ယူ ဦးဆောင်အကောင်အထည်ဖော်ရမည်။

(င) ပါတီ၏ ဗဟိုလုပ်ငန်းကော်မတီများနှင့် ဌာနများ၏ လုပ်ငန်းဆောင်ရွက်ချက်များ အကောင်အထည်ဖော် ဆောင်ရွက်ရေးကို လမ်းညွှန်မှုပြုရမည်။

(စ) ပါတီခွဲ အဆင့်ဆင့်ရှိ ဥက္ကဋ္ဌများ၏ လုပ်ငန်းဆောင်ရွက်ချက်များကို ကြီးကြပ်မှုပြုရမည်။

**<u>ပါတီ(ဗဟို)ဥက္ကဋ္ဌ၏ တာဝန်များ</u>**

၁၈။ ပါတီ(ဗဟို)ဥက္ကဋ္ဌ၏ တာဝန်များမှာအောက်ပါအတိုင်းဖြစ်သည်-

(က) ဥက္ကဋ္ဌသည်ပါတီတစ်ခုလုံး၏ခေါင်းဆောင်ဖြစ်ပြီး ပါတီ(ဗဟို)ဥက္ကဋ္ဌအဖွဲ့နှင့် ပါတီခွဲ အဆင့်ဆင့်ရှိ ဥက္ကဋ္ဌများ၏ လုပ်ငန်းတာဝန်များဆောင်ရွက်ရာတွင် ဦးဆောင်မှု ပြုရမည်။

(ခ) ပါတီ၏ နိုင်ငံရေးဝါဒသဘောတရားနှင့် လုပ်ငန်းစဉ်များ အလိုက်လိုအပ်ချက်များ ပေါ်ပေါက်လာပါက အသစ်ရေးဆွဲခြင်း၊ အစားထိုးခြင်း၊ ပြင်ဆင်သတ်မှတ်ခြင်းများ ပြုလုပ်ရမည်ဖြစ်ပြီး ဗဟိုအလုပ်အမှုဆောင်ကော်မတီထံ တင်ပြရမည်။

(ဂ) ပါတီ၏ ဗဟိုလုပ်ငန်းကော်မတီများနှင့် ဌာနများမှ ဆောင်ရွက်သည့် လုပ်ငန်းစဉ်များ၊ မူဝါဒများ၊ လုပ်ငန်းဆောင်ရွက်ချက် အစီရင်ခံစာ

များအပေါ် လေ့လာဆန်းစစ်၍ ပြန်လည် ပြင်ဆင်သတ်မှတ်/ အစားထိုး/ပယ်ဖျက်နိုင်ရေးအတွက်သုံးသပ်ချက်များပြုလုပ်ထားရှိပြီးပါတီ (ဗဟို)ဥက္ကဋ္ဌအဖွဲ့ထံ တင်ပြရမည်။

(ဃ) ဗဟိုကော်မတီနှင့် ဗဟိုအလုပ်အမှုဆောင်ကော်မတီတို့၏ လုပ်ငန်းများကို တာဝန်ယူ ခေါင်းဆောင်မှု ပေးရမည်။

(င) ပါတီစည်းမျဉ်း၊ပါတီဖွဲ့စည်းပုံနှင့် ပါတီကချမှတ်ထားသော ဆုံးဖြတ်ချက်များကို ထိန်းသိမ်း အကောင်အထည်ဖော်ရမည်။

(စ) ပါတီဗဟိုကော်မတီနှင့်ဗဟိုအလုပ်အမှုဆောင်ကော်မတီတို့ကိုတာဝန်ခံရမည်။

(ဆ) ပါတီတွင်း မူဝါဒ၊ စည်းမျဉ်းစည်းကမ်း၊ လုပ်ငန်းစဉ်များ ရေးဆွဲရာတွင် ဦးဆောင်မှုပေးရမည်။

(ဇ) ပါတီတစ်ခုလုံးအား ကိုယ်စားပြုလုပ်ဆောင်ရမည့် ကိစ္စရပ်များတွင် ယေဘုယျအားဖြင့် ကိုယ်တိုင် လုပ်ဆောင်ရမည်။

(ဈ) ပါတီ၏ ဗဟိုကော်မတီနှင့် ဗဟိုအလုပ်အမှုဆောင်ကော်မတီတို့မှ တင်ပြလာမှုများအပေါ် ညှိနှိုင်း ဆွေးနွေး၍ လိုအပ်သလို လမ်းညွှန်ဆောင်ရွက်ပေးရမည်။

(ည) ပါတီ၏ဗဟိုလုပ်ငန်းကော်မတီများနှင့် ဌာနများ၏ လုပ်ငန်း ဆောင်ရွက်ချက်များ အကောင်အထည်ဖော်ဆောင်ရွက်ရေးကို ကြီးကြပ်မှုပြုရမည်။

(ဋ) ပါတီတစ်ခုလုံးနှင့်သက်ဆိုင်သည့် အရေးကြီးသော ကိစ္စရပ်များအား သတင်းပြန်ကြားမှုပြုရာတွင် ပါတီကို ကိုယ်စားပြု ထုတ်ပြန်ပေးရမည်။

**<u>ပါတီ(ဗဟို)ဒုတိယဥက္ကဋ္ဌ(၁)၏ တာဝန်များ</u>**

၁၉။ ပါတီ(ဗဟို)ဒုတိယဥက္ကဋ္ဌ (၁) ၏ တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ပါတီ (ဗဟို) ဥက္ကဋ္ဌမှ လုပ်ငန်းတာဝန်များ မထမ်းဆောင်နိုင်သည့်

ကာလများတွင် ဥက္ကဋ္ဌ၏ တာဝန်များကို ထမ်းဆောင်ရမည်။

(ခ) ပါတီဝင်များ၏ စည်းကမ်းချိုးဖောက်မှုများနှင့် စပ်လျဉ်းပြီး တင်ပြလာမှုများအပေါ်စိစစ်ပြီးသဘောထားမှတ်ချက်နှင့်တကွ ပါတီ(ဗဟို) ဥက္ကဋ္ဌအဖွဲ့နှင့်ဗဟိုအလုပ်အမှုဆောင်ကော်မတီတို့ထံ တင်ပြရမည်။

(ဂ) ပါတီ(ဗဟို) ဥက္ကဋ္ဌက ခွဲဝေသတ်မှတ်ထားသော ဗဟိုလုပ်ငန်းများကို တာဝန်ယူရမည်။

**<u>ပါတီ (ဗဟို) ဒုတိယဥက္ကဋ္ဌ (၂) ၏တာဝန်များ</u>**

၂၀။ ပါတီ(ဗဟို)ဒုတိယဥက္ကဋ္ဌ(၂)၏တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ပါတီ(ဗဟို)ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ(၁)တို့ နှစ်ဦးစလုံးမှ ၎င်းတို့၏ လုပ်ငန်းတာဝန်များ မထမ်းဆောင်နိုင်ကြသည့် ကာလများတွင် ဥက္ကဋ္ဌအဖွဲ့၏တာဝန်များကို အတွင်းရေးမှူးအဖွဲ့နှင့် ပူးတွဲတာဝန်ယူ ထမ်းဆောင်ရမည်။

(ခ) ပါတီ(ဗဟို)ဒုတိယဥက္ကဋ္ဌ (၁) မှ ၎င်း၏ လုပ်ငန်းတာဝန်များ မထမ်းဆောင်နိုင်သည့် ကာလများတွင်ဒုတိယဥက္ကဋ္ဌ(၁)၏ တာဝန်များကို ပူးတွဲထမ်းဆောင်ရမည်။

(ဂ) ပါတီ(ဗဟို)ဥက္ကဋ္ဌက ခွဲဝေသတ်မှတ်ထားသော ဗဟိုလုပ်ငန်းများကို တာဝန်ယူရမည်။

**<u>ပါတီ (ဗဟို) အတွင်းရေးမှူးအဖွဲ့</u>**

၂၁။ ပါတီ(ဗဟို)အတွင်းရေးမှူးအဖွဲ့ကိုအောက်ပါပုဂ္ဂိုလ်များဖြင့်ဖွဲ့စည်းနိုင်သည်-

(က) အထွေထွေအတွင်းရေးမှူး
(ခ) အတွင်းရေးမှူး(၁)
(ဂ) အတွင်းရေးမှူး(၂)

**<u>ပါတီ (ဗဟို) အတွင်းရေးမှူးအဖွဲ့၏တာဝန်များ</u>**

၂၂။ ပါတီ(ဗဟို)အတွင်းရေးမှူးအဖွဲ့၏တာဝန်များမှာအောက်ပါအတိုင်းဖြစ်သည်-

(က) ပါတီတစ်ခုလုံး၏ လုပ်ငန်းစဉ်များ ပုံမှန်လည်ပတ်ရေးအတွက် ကြီးကြပ်ဆောင်ရွက်ရမည်။

(ခ) ပါတီဗဟိုကော်မတီနှင့် ဗဟိုအလုပ်အမှုဆောင်ကော်မတီတို့၏ ဆုံးဖြတ်ချက်များကို ထုတ်ပြန် အကောင်အထည်ဖော်ရမည်။

(ဂ) ပါတီ(ဗဟို)ဥက္ကဋ္ဌအဖွဲ့နှင့်ညှိနှိုင်းပြီးဗဟိုအလုပ်အမှုဆောင်ကော်မတီ အစည်းအဝေးများကို ခေါ်ယူရမည်။

(ဃ) ပါတီ (ဗဟို)ဥက္ကဋ္ဌအဖွဲ့မှ ပေးပို့လာသော ပါတီတွင်း မူဝါဒ၊ဖွဲ့စည်းပုံ၊ စည်းမျဉ်းများ၊လုပ်ငန်းစဉ်များနှင့်စပ်လျဉ်းသည့် ရေးဆွဲချက်များကို အကောင်အထည်ဖော် ချမှတ်ရန်အကြောင်း ပေါ်ပေါက်လာပါက ညှိနှိုင်း ဆောင်ရွက်ရမည်ဖြစ်ပြီး ပါတီစည်းမျဉ်းနှင့်ဖွဲ့စည်းပုံ အပိုဒ် ၁၅၊ အပိုဒ်ခွဲ(ခ)အရလည်းကောင်း၊ ပါတီ၏ နိုင်ငံရေးဝါဒသဘော တရားနှင့် လုပ်ငန်းစဉ်များပါ အထွေထွေအခန်းကဏ္ဍအရ လည်း ကောင်း ဆက်လက် ဆောင်ရွက်ရမည်။

(င) ပါတီ၏ ဗဟိုလုပ်ငန်းကော်မတီများနှင့် ဌာနများ၏ လုပ်ငန်းဆောင် ရွက်ချက်များ အကောင်အထည်ဖော်ဆောင်ရွက်ရေးကို ကြီးကြပ်မှု ပြုရမည်။

(စ) ပါတီခွဲအဆင့်ဆင့်၏ စည်းကမ်းထိန်းသိမ်းရေးဆိုင်ရာ ကိစ္စရပ်များ ကိုကြီးကြပ်ဆောင်ရွက်ရမည်။

(ဆ) ဥက္ကဋ္ဌအဖွဲ့မှ ခွဲဝေသတ်မှတ်ပေးသော သီးခြားလုပ်ငန်းများကိုလည်း တာဝန်ယူ ဆောင်ရွက်ရမည်။

(ဇ) ပါတီပိုင်ပစ္စည်းများ ထိန်းသိမ်းခြင်းနှင့် စာရင်းများ စနစ်တကျ ပြုစု ထားရှိခြင်း တို့ကို တာဝန်ယူ ဆောင်ရွက်ရမည်။

(ဉ) ပါတီ(ဗဟို)ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ(၁)တို့ နှစ်ဦးစလုံး တာဝန်မထမ်း ဆောင်သည့် ကာလများတွင် ဒုတိယဥက္ကဋ္ဌ(၂)နှင့် တွဲဖက်၍ ပါတီ (ဗဟို)ဥက္ကဋ္ဌအဖွဲ့၏တာဝန်များကိုလည်းကောင်း၊ ဥက္ကဋ္ဌအဖွဲ့ဝင်များ အားလုံး တာဝန်မထမ်းဆောင်နိုင်သည့် ကာလများတွင် ဗဟိုဥက္ကဋ္ဌ အဖွဲ့၏ တာဝန်များကိုလည်းကောင်း (ယာယီ) ထမ်းဆောင်ရမည်။

## အထွေထွေအတွင်းရေးမှူး၏ တာဝန်များ

၂၃။ အထွေထွေအတွင်းရေးမှူး၏ တာဝန်များမှာအောက်ပါအတိုင်းဖြစ်သည်-

(က) အထွေထွေအတွင်းရေးမှူးသည် ပါတီ၏ နေ့စဉ်လုပ်ငန်းများ ပုံမှန်လည်ပတ်ရေးအတွက် အနီးကပ် ကြီးကြပ် ဆောင်ရွက်ရမည်။

(ခ) ပါတီ(ဗဟို) အတွင်းရေးမှူးအဖွဲ့၏ လုပ်ငန်းတာဝန်များဆောင်ရွက်ရာတွင် ဦးဆောင်မှုပြုရန်နှင့် ပါတီခွဲ အဆင့်ဆင့်ရှိ အတွင်းရေးမှူးများ၏ လုပ်ငန်းတာဝန်များဆောင်ရွက်ရာတွင်လမ်းညွှန်မှု ပြုရမည်။

(ဂ) ပါတီခွဲအဆင့်ဆင့်မှ ပေးပို့တင်ပြလာသော လုပ်ငန်းဆောင်ရွက်ချက် အစီရင်ခံစာများကို စိစစ်ပြီး၊ လိုအပ်ချက်များအလိုက် ဆက်လက်ဆောင်ရွက်စေရမည်။

(ဃ) ပါတီ၏ နိုင်ငံရေးဝါဒသဘောတရားနှင့် လုပ်ငန်းစဉ်များ၊ မူဝါဒ၊ စည်းမျဉ်း၊ ဖွဲ့စည်းပုံ စသည်တို့နှင့် ဆက်စပ်မှုများ ရှိလာနိုင်သော မည်သည့် တွေ့ရှိချက်ကို မဆို ပါတီ(ဗဟို)အတွင်းရေးမှူးအဖွဲ့မှတစ်ဆင့် ပါတီ (ဗဟို) ဥက္ကဋ္ဌအဖွဲ့ထံ ဆက်လက်တင်ပြရမည်။

(င) ပါတီ၏ ဗဟိုလုပ်ငန်းကော်မတီများနှင့် ဌာနများ၏ လုပ်ငန်းဆောင်ရွက်ချက်များ အကောင်အထည်ဖော်ဆောင်ရွက်ရေးကို ပါတီ(ဗဟို) အတွင်းရေးမှူးအဖွဲ့မှ ကြီးကြပ်ရာတွင် ဦးဆောင်မှုပြုရမည်။

(စ) ပါတီခွဲအဆင့်ဆင့်၏ စည်းကမ်းထိန်းသိမ်းရေးဆိုင်ရာ ကိစ္စရပ်များကို လေ့လာစောင့်ကြည့်ပြီး ကိုယ်တိုင်တွေ့ရှိသည့် သို့တည်းမဟုတ် အဆင့်ဆင့်တင်ပြလာသည့် စည်းကမ်းလိုက်နာမှုမရှိခြင်းများအပေါ် လိုအပ်သလို အရေးယူ ဆောင်ရွက်နိုင်ရန် ပါတီခွဲ အဆင့်ဆင့်၏ စည်းကမ်းထိန်းသိမ်းရေးနှင့် စပ်လျဉ်းပြီး ချမှတ်သော ပါတီဗဟို ကော်မတီ၊ ပါတီဗဟိုအလုပ်အမှုဆောင်ကော်မတီတို့၏ ဆုံးဖြတ်ချက်များကိုအကောင်အထည်ဖော်ဆောင်ရွက်ရမည်။

(ဆ) ပါတီပိုင်ပစ္စည်းများထိန်းသိမ်းခြင်းနှင့် စာရင်းများ စနစ်တကျ ပြုစုထားရှိခြင်း တို့ကို တာဝန်ယူ ဆောင်ရွက်ရမည်။

(ဇ) ပါတီဌာနချုပ်သို့တင်ပြလာသော အများပြည်သူဆိုင်ရာ ကိစ္စရပ်များ

အပေါ်လိုအပ်သလို လမ်းညွှန်ဆောင်ရွက်ရန်နှင့် လိုအပ်ပါက ပါတီ (ဗဟို)ဥက္ကဋ္ဌအဖွဲ့ထံ ဆက်လက် တင်ပြပေးရမည်။

**<u>အတွင်းရေးမှူး (၁) ၏တာဝန်များ</u>**

၂၄။ အတွင်းရေးမှူး(၁)၏ တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) အထွေထွေအတွင်းရေးမှူးက ခွဲဝေသတ်မှတ်ပေးသော တာဝန်များကို ဆောင်ရွက်ရမည်။

(ခ) အထွေထွေအတွင်းရေးမှူး တာဝန် မထမ်းဆောင်နိုင်သော ကာလများတွင် အထွေထွေအတွင်းရေးမှူး၏ တာဝန်များကို ထမ်းဆောင်ရမည်ဖြစ်ပြီး လိုအပ်ပါက ဥက္ကဋ္ဌအဖွဲ့၏ လမ်းညွှန်မှုကို ခံယူရမည်။

**<u>အတွင်းရေးမှူး (၂) ၏တာဝန်များ</u>**

၂၅။ အတွင်းရေးမှူး(၂)၏ တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) အထွေထွေအတွင်းရေးမှူးက ခွဲဝေ သတ်မှတ်ပေးသော တာဝန်များကို ဆောင်ရွက်ရမည်။

(ခ) အထွေထွေအတွင်းရေးမှူးနှင့် အတွင်းရေးမှူး(၁)တို့ နှစ်ဦးစလုံး တာဝန်မထမ်းဆောင်နိုင်သော ကာလများတွင် အတွင်းရေးမှူးအဖွဲ့၏တာဝန်များကို ဥက္ကဋ္ဌအဖွဲ့၏ လမ်းညွှန်မှုဖြင့် ဆောင်ရွက်ရမည်။

**<u>ပါတီ(ဗဟို)ဘဏ္ဍာရေးမှူးအဖွဲ့</u>**

၂၆။ ပါတီ(ဗဟို)ဘဏ္ဍာရေးမှူးအဖွဲ့ကိုအောက်ပါပုဂ္ဂိုလ်များဖြင့်ဖွဲ့စည်းနိုင်သည်-

(က) ပါတီ (ဗဟို) ဘဏ္ဍာရေးမှူး
(ခ) ပါတီ (ဗဟို) တွဲဘက်ဘဏ္ဍာရေးမှူး

**<u>ပါတီ (ဗဟို) ဘဏ္ဍာရေးမှူး၏တာဝန်များ</u>**

၂၇။ ပါတီ(ဗဟို)ဘဏ္ဍာရေးမှူး၏တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ဝင်ငွေထွက်ငွေစာရင်းများအတွက် လယ်ဂျာနှင့် ငွေစာရင်းစာအုပ်များကို အမြဲရေးသွင်းရမည်။

(ခ) ငွေလက်ခံခြင်း၊ထုတ်ပေးခြင်းများကိုပြေစာစာအုပ်များဖြင့် အသုံးပြု ဆောင်ရွက်ရမည်။

(ဂ) လစဉ် ငွေစာရင်းရှင်းတမ်းများ ထုတ်ပြန်ပြီး ရသုံးငွေ အခြေအနေ များကို ဗဟိုအလုပ်အမှုဆောင်ကော်မတီ အစည်းအဝေးသို့ မပျက် မကွက် တင်သွင်းရမည်။

(ဃ) ပါတီ၏ ငွေသွင်း၊ ငွေထုတ်ကိစ္စရပ်များတွင် (ဗဟို) ဥက္ကဌအဖွဲ့၏ ခွင့်ပြုချက်ကို ရယူရမည်။

(င) ပါတီခွဲ အဆင့်ဆင့်၏ ဘဏ္ဍာငွေဆိုင်ရာ ကိစ္စရပ်များကို ဦးဆောင် လမ်းညွှန်မှု ပေးရမည်။

## ပါတီ (ဗဟို) တွဲဘက်ဘဏ္ဍာရေးမှူး၏ တာဝန်များ

၂၈။ ပါတီ (ဗဟို) တွဲဘက်ဘဏ္ဍာရေးမှူး၏ တာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) ပါတီ (ဗဟို) ဘဏ္ဍာရေးမှူးမှ ခွဲဝေ သတ်မှတ်ပေးသော တာဝန်များ ကိုဆောင်ရွက်ရမည်။

(ခ) ပါတီ (ဗဟို) ဘဏ္ဍာရေးမှူး တာဝန်မထမ်းဆောင်နိုင်သော ကာလ များတွင် ပါတီ (ဗဟို) ဘဏ္ဍာရေးမှူးတာဝန်များကို ဥက္ကဌအဖွဲ့၏ လမ်းညွှန်မှုဖြင့် (ယာယီ) ထမ်းဆောင်ရမည်။

## ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်များ၏ တာဝန်များ

၂၉။ ပါတီဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်များ၏ တာဝန်များမှာ အောက်ပါ အတိုင်းဖြစ်သည်-

(က) ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်များသည် ပါတီ၏ နိုင်ငံရေး လုပ်ငန်းများ၊ဆုံးဖြတ်ချက်များနှင့်ပတ်သက်ပြီး ပါတီဥက္ကဌက ခွဲဝေ အပ်နှင်းသော တာဝန်များကို ထမ်းဆောင်ရမည်။

(ခ) ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်များသည် အောက်ပါ ဗဟို လုပ်ငန်း ကော်မတီများနှင့် ဌာနများတွင် တစ်ဦးချင်းစီ ဦးဆောင်ပြီး

သင့်လျော်သောပါတီဝင်များအားလုပ်ငန်းအဖွဲ့ဝင်များအဖြစ် တာဝန်ပေးအပ်ရမည်-

(၁) နိုင်ငံရေးနှင့် မူဝါဒရေးရာကော်မတီ
(၂) ဥပဒေရေးရာနှင့် လူ့အခွင့်အရေးကော်မတီ
(၃) အလုပ်သမားရေးရာကော်မတီ
(၄) လယ်သမားရေးရာကော်မတီ
(၅) ပညာရေး၊ ကျန်းမာရေးနှင့် လူငယ်ရေးရာကော်မတီ
(၆) အမျိုးသမီးနှင့် ကလေးသူငယ်ရေးရာကော်မတီ
(၇) စီးပွားရေးနှင့် ဘဏ္ဍာငွေရှာဖွေရေးကော်မတီ
(၈) ငြိမ်းချမ်းရေးနှင့်တိုင်းရင်းသားရေးရာကော်မတီ
(၉) သတင်းပြန်ကြားရေးကော်မတီ
(၁၀) နိုင်ငံတကာဆက်ဆံရေးကော်မတီ
(၁၁) ပါတီ ဗဟိုစည်းရုံးရေးနှင့်စွမ်းဆောင်ရည်မြှင့်တင်ရေး ကော်မတီ
(၁၂) သုတေသနဌာနနှင့် ပြန်လည်သုံးသပ်ရေး ကော်မတီ
(၁၃) ပါတီ ဗဟိုစည်းကမ်းထိန်းသိမ်းရေးကော်မတီ
(၁၄) ဗဟိုရုံးလုပ်ငန်းဌာန

(ဂ) လိုအပ်ပါကအခြားဗဟိုလုပ်ငန်းအဖွဲ့များကိုတိုးချဲ့ ဖွဲ့စည်းသွားမည်။

**အခန်း(၆)**

**<u>ပါတီတည်ဆောက်ရေးကာလ တာဝန်ပေးအပ်ခြင်း</u>**

၃၀။ ပါတီတည်ဆောက်ရေးကာလတွင်တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်၊ ခရိုင်၊ မြို့နယ်နှင့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုများအတွက် အဆင့်ဆင့်သော စည်းရုံးရေးမှူးများကို ဗဟိုအလုပ်အမှုဆောင်ကော်မတီက ခန့်အပ်တာဝန်ပေးမည်။အဆင့်ဆင့်သော စည်းရုံးရေးမှူးများသည် လိုအပ်သောစည်းရုံးရေးအဖွဲ့ဝင်များကို ဗဟိုအလုပ်အမှုဆောင်ကော်မတီ၏ ညွှန်ကြားချက်များနှင့်အညီ ခန့်အပ် တာဝန်ပေးရမည်။

၃၁။ အဆင့်ဆင့်သော စည်းရုံးရေးမှူးများသည် နယ်မြေဒေသအလိုက်၏ စည်းရုံးရေး အခြေအနေအရ စည်းရုံးရေးကော်မတီများကို လိုအပ်သလို ဖွဲ့စည်းနိုင်သည်။

## အခန်း(၇)

## အဖွဲ့ဝင်ခွင့်ပြုခြင်းနှင့် နုတ်ထွက်ခွင့်ပြုခြင်း

၃၂။ ပြည်သူ့အလုပ်သမားပါတီသို့ ပါတီဝင်အဖြစ် လျှောက်ထားလိုသူများသည် အောက်ပါသတ်မှတ်ချက်များနှင့် ညီညွတ်ရမည်-

(က) နိုင်ငံရေးပါတီများမှတ်ပုံတင်ဥပဒေတွင် ပြဋ္ဌာန်းထားသောသတ်မှတ်ချက်အရည်အချင်းများနှင့် ကိုက်ညီသူများ ဖြစ်ရမည်။

(ခ) အသက်(၁၈)နှစ်ပြည့်ပြီးသော နိုင်ငံသားနှင့်နိုင်ငံသားပြုခွင့်ရသူများ ဖြစ်ရမည်။

(ဂ) ပြည်သူ့အလုပ်သမားပါတီ၏ အခြေခံစည်းမျဉ်းနှင့် လုပ်ငန်းစဉ်များကို လက်ခံယုံကြည်သူ ဖြစ်ရမည်။

(ဃ) ပြည်သူ့အလုပ်သမားပါတီက ပေးအပ်သော တာဝန်ဝတ္တရားများကို မခိုမကပ် ထမ်းဆောင်နိုင်သူ ဖြစ်ရမည်။

၃၃။ အထက်ပါ သတ်မှတ်ချက်များနှင့် ညီညွတ်၍ ပြည်သူ့အလုပ်သမားပါတီ၏ အဖွဲ့ဝင်သစ်အဖြစ်လျှောက်ထားလိုသူများသည် အောက်ပါနည်းလမ်းများဖြင့် ပါတီဌာနချုပ်သို့ဖြစ်စေ၊သက်ဆိုင်ရာတိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်ပါတီရုံးခွဲများ၊ ခရိုင်ရုံးခွဲများ၊ မြို့နယ်ရုံးခွဲများသို့ဖြစ်စေ လျှောက်ထားနိုင်သည်-

(က) ပြည်သူ့အလုပ်သမားပါတီ၏ သတ်မှတ်ထားသော ပါတီဝင်လျှောက်လွှာပုံစံအား ပြည့်စုံစွာ ဖြည့်စွက်ရေးသွင်းခြင်း

(ခ) ပြည်သူ့အလုပ်သမားပါတီတည်ထောင်သူ သို့မဟုတ် ၎င်းတို့က တာဝန်များ ပေးအပ်ခြင်း ခံထားရသည့် အဆင့်ဆင့်သော စည်းရုံးရေးမှူးများ၏ ထောက်ခံချက်ကို ရယူခြင်း

၃၄။ ပါတီဝင်တိုင်းအား ပြည်သူ့အလုပ်သမားပါတီ၏ ပါတီဝင်အဖြစ်မှ မိမိတို့၏ လွတ်လပ်သော သဘောဆန္ဒအရ နုတ်ထွက်ခွင့် ရှိစေရမည်။

၃၅။ ပါတီမှနုတ်ထွက်လိုသူများသည် မိမိ၏ နုတ်ထွက်ခွင့်လျှောက်လွှာအား မိမိ၏ ပါတီရုံးခွဲမှတစ်ဆင့် ဌာနချုပ်သို့ တင်ပြပြီး နုတ်ထွက်နိုင်သည်။

## အခန်း(၈)

## ပါတီဝင်များလိုက်နာရမည့်စည်းကမ်းများ

၃၆။ ပြည်သူ့အလုပ်သမားပါတီ၏ ပါတီဝင်တိုင်းသည် အောက်ပါ စည်းကမ်းချက်များကို လိုက်နာကြရမည်-

(က) ပြည်သူ့အလုပ်သမားပါတီ၏ ပါတီဝင်များသည် ပါတီ၏ ရည်ရွယ်ချက်လုပ်ငန်းစဉ်များကို ယုံကြည်လက်ခံ၍ ပါတီ၏ မူဝါဒလမ်းစဉ်၊ စည်းမျဉ်း၊ စည်းကမ်းနှင့် ဆုံးဖြတ်ချက်များ၊ ညွှန်ကြားချက်များကို လိုက်နာရမည်။

(ခ) ပါတီဝင်များသည် ပါတီအတွင်း ဝါဒစွဲ၊ ဆန္ဒစွဲ၊ ပုဂ္ဂိုလ်စွဲ၊ လူမျိုးစွဲ ကင်းရမည်။ ပါတီတွင်း အုပ်စုဖွဲ့ခြင်း၊ ပုဂ္ဂိုလ်ရေးရာ လူမျိုးရေးရာ တိုက်ခိုက်ခြင်း၊ သွေးထိုးလှုံ့ဆော်ခြင်း မရှိစေရ။

(ဂ) ပါတီဝင်တိုင်းသည် အခြားအဖွဲ့အစည်း တစ်ရပ်ရပ်၏ အသုံးချခံရခြင်း မဖြစ်စေရ။

(ဃ) ပါတီ၏ လုပ်ငန်းများကို အကောင်အထည်ဖော်ရာတွင် မိမိတို့အဖွဲ့အစည်း၏ ဦးဆောင်မှုဖြင့်သာ ဆောင်ရွက်ရမည်။

(င) ပါတီဝင်တိုင်းသည် ပါတီ၏ နိုင်ငံရေးမူဝါဒသဘောတရားနှင့် လုပ်ငန်းစဉ်များကိုလည်းကောင်း၊ ပါတီ၏ညီညွတ်ရေးနှင့် စည်းရုံးရေးကိုလည်းကောင်း ထိခိုက်ပျက်ပြားစေသည့် ကိစ္စရပ်များကို မည်သည့် နည်းလမ်းနှင့်မျှ အားထုတ်ကြိုးပမ်းခြင်း သို့မဟုတ် အားပေးကူညီခြင်း မပြုရ။

(စ) ပါတီနှင့်စပ်လျဉ်းသည့် အလံ၊ တံဆိပ်၊ ဓာတ်ပုံ၊ ပြက္ခဒိန်၊ မှတ်တမ်းစာအုပ်၊ အင်္ကျီ၊ တီရှပ်၊ လွယ်အိတ်၊ ဦးထုပ် စသည်တို့ အပါအဝင် အခြားအထိမ်းအမှတ်ပစ္စည်းများ၊ပုံရိပ်များစသည်တို့ကို ပါတီ(ဗဟို) အဆင့်ကစိစစ်ပြီးတာဝန်ပေးထားသည့် အဖွဲ့များ၊ လုပ်ငန်းဌာနများ မှလွဲ၍ မည်သည့် အဖွဲ့ဝင်ကမျှ ထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးခြင်း၊ ရောင်းချခြင်း၊ ပေးကမ်းခြင်းတို့ မပြုလုပ်ရ။

(ဆ) ပြည်သူ့အလုပ်သမားပါတီ၏ ပါတီဝင်တိုင်းသည် သတ်မှတ်ထားသော ပါတီဝင်ကြေးနှင့် ပါတီလစဉ်ကြေးများကို ပေးဆောင်ရမည်။

၃၇။ ပါတီဝင်များလိုက်နာရမည့် စည်းမျဉ်း၊ စည်းကမ်းများကို ပါတီတည်ဆောက်ရေးကာလတွင် ပါတီတည်ထောင်သူများအဖွဲ့ (တစ်နည်း) ဗဟိုကော်မတီနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့တို့က အခါအားလျော်စွာ သတ်မှတ်မည်ဖြစ်ပြီး ပါတီညီလာခံများ ကျင်းပနိုင်သည့်အခါ နိုင်ငံလုံးဆိုင်ရာ ပါတီညီလာခံက လိုအပ်သလို ပြင်ဆင် သတ်မှတ်သွားမည်။

## အခန်း(၉)

## အရေးယူခြင်း

၃၈။ ပါတီတည်ဆောက်ရေး ကာလအတောအတွင်း ပါတီဝင်တိုင်းသည် ပါတီမှ ချမှတ်ထားသော စည်းကမ်းချက်များကို လိုက်နာရန်ပျက်ကွက်ပါက ခေါ်ယူဆွေးနွေးခြင်း၊ သတိပေးခြင်း၊ ပါတီတာဝန်မှ ရပ်ဆိုင်းခြင်း၊ ပါတီဝင်အဖြစ်မှ ထုတ်ပယ်ခြင်းစသည့် အရေးယူဆောင်ရွက်မှုများကို ပြုလုပ်ရာတွင် အဖွဲ့ဝင် ၃ ဦးပါဝင်သော ခုံအဖွဲ့ဖြင့် လိုအပ်သော စုံစမ်းစစ်ဆေးမှုများကို စနစ်တကျ ပြုလုပ်ပြီး ခုံအဖွဲ့၏ ထင်မြင်ချက်အရ ဗဟိုအလုပ်အမှုဆောင်ကော်မတီက အရေးယူပိုင်ခွင့်ရှိသည်။

၃၉။ အရေးယူခြင်းခံရသူများသည် ပါတီဗဟိုကော်မတီတာဝန်ကို ယူထားသော ပါတီတည်ထောင်သူများထံသို့ အယူခံတင်သွင်းနိုင်သည့်အပြင် နောင်ကျင်းပမည့် နိုင်ငံလုံးဆိုင်ရာ ညီလာခံသို့လည်း အယူခံတင်သွင်းခွင့်ရှိသည်။

## အခန်း(၁၀)

## ပါတီဖွဲ့စည်းပုံစည်းမျဉ်းကို ပြင်ဆင်ခြင်း

၄၀။ ပထမအကြိမ် ပါတီညီလာခံကျင်းပခြင်း မပြုလုပ်မီ ပါတီတည်ဆောက်ရေးကာလတွင် ပါတီဖွဲ့စည်းပုံစည်းမျဉ်းကို ပြင်ဆင်ရန် လိုအပ်ပါက ပါတီတည်ထောင်သူများအဖွဲ့(တစ်နည်း)ဗဟိုကော်မတီနှင့်၎င်းက ဖွဲ့စည်းပေးထားသော ဗဟိုအလုပ်အမှုဆောင်ကော်မတီတို့ အနေဖြင့် လိုအပ်သလို ပြင်ဆင် ရေးဆွဲပိုင်ခွင့်ရှိသည်။ ယင်းပြင်ဆင်ချက်ကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ တင်ပြပြီး ကော်မရှင်၏ ခွင့်ပြုချက် ရယူရမည်။

# အခန်း(၁၁)

## အထွေထွေ

၄၁။ ပြည်သူ့အလုပ်သမားပါတီ၏ ဌာနချုပ်တည်နေရာသည် ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်တွင် တည်ရှိသည်။

၄၂။ ပြည်သူ့အလုပ်သမားပါတီ၏ ပါတီအဆင့်ဆင့် စည်းရုံးရေးဖွဲ့စည်းမှုသည် တည်ဆဲအုပ်ချုပ်ရေးဆိုင်ရာ နယ်နမိတ်အတိုင်းဖြစ်သည်။

# ပြည်သူ့အလုပ်သမားပါတီ

# နိုင်ငံရေးဝါဒသဘောတရားနှင့်လုပ်ငန်းစဉ်

## နိဒါန်း

**ပြည်သူ့အလုပ်သမားပါတီ**ကကျင့်သုံးသွားမည့်နိုင်ငံရေးဝါဒသဘောတရားနှင့် လုပ်ငန်း စဉ်များမှာ အောက်ပါအတိုင်းဖြစ်သည်-

၁။ **နိုင်ငံရေးနှင့် နိုင်ငံသားရေးရာကဏ္ဍ**

၂။ **စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍ**

၃။ **လူမှုရေး၊ယဉ်ကျေးမှုနှင့်လူမှုဘဝသက်သာချောင်ချိ၍အာမခံချက်ရရှိရေးကဏ္ဍ**

၄။ **ကျန်းမာရေးနှင့် လူထုဘဝ ကူညီ စောင့်ရှောက်ရေးကဏ္ဍ**

၅။ **ပညာရေးနှင့် ကျောင်းသားလူငယ်ကဏ္ဍ**

၆။ **လူ့အခွင့်အရေးနှင့် လူတန်းစေ့နေနိုင်ရေးကဏ္ဍ**

၇။ **ငြိမ်းချမ်းရေးနှင့် တိုင်းရင်းသားရေးရာကဏ္ဍ**

၈။ **ဥပဒေပြုရေးနှင့် လူမှုဘဝများ တိကျရေရာသော အကာအကွယ်များ ရရှိရေးကဏ္ဍ**

၉။ **အုပ်ချုပ်ရေးနှင့် အဂတိကင်းသော လူမှုဘဝ အသိုက်အဝန်း ရရှိရေး ကဏ္ဍ**

၁၀။ **တရားစီရင်ရေးနှင့် လူမှုဘဝ တရားမျှတမှု ရရှိရေးကဏ္ဍ**

၁၁။ **လယ်သမားအရေးနှင့် မြေယာကဏ္ဍ**

၁၂။ **အလုပ်သမား၊ အလုပ်ရှင်နှင့် နိုင်ငံ့ဝန်ထမ်းများ ကဏ္ဍ**

၁၃။ **ကာကွယ်ရေး၊ လုံခြုံရေးနှင့် အမျိုးသားရေးကဏ္ဍ**

၁၄။ **နိုင်ငံခြားရေးကဏ္ဍ**

## နိုင်ငံရေးနှင့် နိုင်ငံသားရေးရာကဏ္ဍ

၁။ ပြည်သူတစ်ရပ်လုံး လွတ်လပ်ပေါ့ပါးစွာ ကိုယ်စားပြု ပါဝင်နိုင်သော နိုင်ငံရေး အုတ်မြစ် အမျိုးအစားအား ချမှတ်၊ တည်ဆောက်သွားမည်။

၂။ ပြည်သူအများမှ စည်းကမ်းကျန၊ အကြောက်တရားကင်းသည့် ပါဝင်ပတ်သက်မှုရှိသော နိုင်ငံရေးစနစ်မျိုးအား တည်ဆောက်သွားမည်။

၃။ နိုင်ငံသားတိုင်းအား ဥပဒေနှင့်အညီ ရွေးချယ်တင်မြှောက်ခွင့်နှင့် ရွေးချယ်တင်မြှောက်ခံခွင့်ရရှိရေး၊ ရွေးချယ်တင်မြှောက်ထားသော ပြည်သူ့ ကိုယ်စားလှယ်များကို ဥပဒေနှင့်အညီ တာဝန်မှ ပြန်လည်ရုတ်သိမ်းခွင့်စသော နိုင်ငံရေးအခွင့်အရေးများကို ရရှိစေရေး ဆောင်ရွက်သွားမည်။

၄။ နိုင်ငံသားများအနေဖြင့် တန်းတူညီမျှအခွင့်အရေး၊ လွတ်လပ်မှုအခွင့်အရေး၊ တရားမျှတမှုအခွင့်အရေးတို့ အပြည့်အဝ ခံစားခွင့်ရရှိရေး ဆောင်ရွက်သွားမည်။

၅။ နိုင်ငံတော်၏အဓိကမဏ္ဍိုင်များအပေါ် အများပြည်သူမှ အပြည့်အဝ ယုံကြည်နိုင်သည့် နိုင်ငံရေးစနစ်မျိုးအဖြစ် ရရှိစေရေးနှင့် ရေရှည် တည်တန့်စေရေး ဆက်လက်ထိန်းသိမ်းသွားမည်။

၆။ နိုင်ငံသားများအနေဖြင့် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကြေညာစာတမ်း၊ နိုင်ငံသားနှင့် နိုင်ငံရေးအခွင့်အရေးဆိုင်ရာ သဘောတူစာချုပ်များနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေတို့ပါနိုင်ငံရေးနှင့် နိုင်ငံသားအခွင့်အရေးများ အပြည့်အဝ ရရှိနိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားမည်။

၇။ တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးမှု အပြည့်အဝ ပေးနိုင်သော နိုင်ငံရေးစနစ်မျိုးအား တည်ဆောက်သွားမည်။

## စီးပွားရေးနှင့် ရင်းနှီးမြုပ်နှံမှုကဏ္ဍ

၁။ ပြည်တွင်း၊ပြည်ပ စီးပွားရေးလုပ်ငန်းရှင်များ၏ ရင်းနှီးမြုပ်နှံမှုများနှင့် နိုင်ငံသားများ၏ ကာယဉာဏလုပ်အား အရင်းအနှီးများဖြင့် နိုင်ငံ၏စီးပွားရေး ဖွံ့ဖြိုးတိုးတတ်ရေးကို ကြိုးပမ်းဆောင်ရွက်သွားမည်။

၂။ နိုင်ငံတော်၏စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်လုပ်ဆောင်ရာ၌နိုင်ငံတော်၏ အဖိုးမဖြတ်နိုင်သော သဘာဝသယံဇာတအရင်းအမြစ်များအား တတ်နိုင်သမျှ ထိခိုက်မှု မရှိ

စေရေး အလေးထား ဆောင်ရွက်သွားမည်။

၃။ စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းအလိုက် လိုအပ်သောနည်းပညာ၊ အရင်းအနှီး၊ စက်ပစ္စည်း၊ ကုန်ကြမ်းအစရှိသည်တို့ကိုအတတ်နိုင်ဆုံး ဖြည့်ဆည်းဆောင်ရွက်သွားမည်။

၄။ နိုင်ငံတော်၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ဖြစ်ပေါ်လာတတ်သော ဘေးထွက်ဆိုးကျိုးများအား နိုင်ငံတော်မှ ထိန်းချုပ်နိုင်ရေးအတွက် မူဝါဒများ ချမှတ် ဆောင်ရွက်သွားမည်။

၅။ နိုင်ငံတော်၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအား နိုင်ငံသားများထံ တိုက်ရိုက်ကျရောက် ရရှိစေနိုင်သော စနစ်မျိုးအား ကျင့်သုံးဆောင်ရွက်သွားမည်။ နိုင်ငံတော်၏ စီးပွားရေး ဖွံ့ဖြိုးတိုးတတ်လာသည်နှင့်အမျှ နိုင်ငံသားများအကြားရှိ လူတန်းစား ကွာဟမှုနှုန်းအားလျော့ကျစေပြီး နိုင်ငံသားအားလုံးလူတန်းစေ့နေထိုင်နိုင်ရေးအတွက် ရှေ့ရှုဆောင်ရွက်သွားမည်။

၆။ စီးပွားရေးဆိုင်ရာ စီမံကိန်းများ ချမှတ်လုပ်ဆောင်ရာတွင် နိုင်ငံသားများ၏ လူ့စွမ်းအားအရင်းအမြစ်များဖြစ်သော ကာယဉာဏအရင်းအနှီးများနှင့် အခြားလိုအပ်သောအရင်းအနှီးများအား ဦးစားပေး အသုံးပြုသွားမည်ဖြစ်ပြီး ၎င်း အရင်းအနှီးများ အတွက် ထိုက်သင့်သော အကျိုးခံစားခွင့်နှင့် အကျိုးအမြတ်များ ရရှိနိုင်ရန် ရှေ့ရှု လုပ်ဆောင်သွားမည်။

၇။ နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် သက်ဆိုင်ရာ ဥပဒေများနှင့်အညီ တည်ထောင်ခွင့်ပြုခြင်း ခံထားရသော ပြည်တွင်း ပြည်ပ အစိုးရ၊ ပုဂ္ဂလိက အဖွဲ့အစည်းများအား စီးပွားရေးလုပ်ငန်းများတွင် ပါဝင် ဆောင်ရွက်ခွင့်ရှိစေရမည်။

၈။ စီးပွားရေးလုပ်ငန်းများတွင် ယှဉ်ပြိုင်မှုကို အားပေး၊ ခွင့်ပြု၊ အကာအကွယ်ပေးသွားမည်ဖြစ်ပြီး အများပြည်သူအကျိုးစီးပွားကို ထိခိုက်နစ်နာစေသော လက်ဝါးကြီးအုပ်မှု၊ ဈေးကစားမှုများအား ထိထိရောက်ရောက် တားဆီး ဆောင်ရွက်သွားမည်။

၉။ စီးပွားရေး စီမံကိန်းများ ရေးဆွဲ၍ ခွင့်ပြုရာတွင် နိုင်ငံသားများ၏ လူမှုဘဝအဆင့်အတန်းများ မြှင့်တင်ရေးနှင့် အထွေထွေအရင်းအနှီးများ တိုးတတ်ဖွံ့ဖြိုးရေးအတွက် ဦးတည် ကြိုးပမ်းဆောင်ရွက်သွားမည်။

## လူမှုရေး၊ ယဉ်ကျေးမှုနှင့် လူမှုဘဝ သက်သာချောင်ချိ၍ အာမခံချက် ရရှိရေး ကဏ္ဍ

၁။ နိုင်ငံသားများ၏လူမှုဘဝ အသက်ရှင်နေထိုင်ရေးတွင် နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံခံရမှု မရှိစေရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားမည်။

၂။ နိုင်ငံသားများ၏ လူမှုဘဝနေထိုင်မှု လုံခြုံရေး၊ လူမှုဘဝ သက်သာ ချောင်ချိရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြန်လည် ထူထောင်ရေးလုပ်ငန်းစဉ်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် လိုအပ်ချက်အလိုက် ပြည်တွင်း၊ ပြည်ပအကူအညီများအား ကမ်းလှမ်း၊ ကြိုဆို၊ ရယူကာဖြင့် ဦးဆောင် ကြိုးပမ်း ဆောင်ရွက်သွားမည်။

၃။ ကလေးသူငယ်များ၊ အမျိုးသမီးများနှင့် သက်ကြီးရွယ်အိုများဆိုင်ရာ ကူညီ၊ ကာကွယ်စောင့်ရှောက်ပေးရေးလုပ်ငန်းစဉ်များအတွက် ရေရှည် ခိုင်မာသော မူဝါဒများ ချမှတ်ဆောင်ရွက်သွားမည်။

၄။ နိုင်ငံသားများ၏ အကျင့်စာရိတ္တနှင့် လူမှုဘဝများ ကောင်းမွန်၊ လုံခြုံမှုကို အမျိုးသားရေး တာဝန်တစ်ရပ်အနေဖြင့် ဦးစားပေးဆောင်ရွက်သွားမည်။

၅။ နိုင်ငံတကာနှင့် ရင်ဘောင်တန်းနိုင်ရေး ကြိုးပမ်းရာတွင် တစ်မျိုးသားလုံး၏ ယဉ်ကျေးမှုနှင့် အမျိုးသားရေးလက္ခဏာများအား ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးနှင့် တိမ်မြုပ်ပျောက်ကွယ်မှုမရှိစေရေးတို့အတွက်အစဉ်ထိန်းသိမ်းစောင့်ရှောက်လုပ်ဆောင်သွားမည်။

၆။ နိုင်ငံသားများအတွက် ပစ္စုပ္ပန်ကာလတွင် သက်သာချောင်ချိ၊ လူတန်းစေ့နေနိုင်၍အနာဂတ်ကာလတွင်နွေးထွေးလုံခြုံမှုရှိသော လူမှုအသိုက်အဝန်းများ ဖော်ဆောင်ပေးနိုင်ရန် ကြိုးပမ်း လုပ်ဆောင်သွားမည်။

## ကျန်းမာရေးနှင့် လူထုဘဝ ကူညီစောင့်ရှောက်ရေးကဏ္ဍ

၁။ နိုင်ငံသားများအတွက် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို မြို့ပြနှင့် ကျေးလက်ဒေသတို့ကို အချိုးညီစွာဖြင့် ထိထိရောက်ရောက် ဆောင်ရွက်ပေးသွားမည်။

၂။ နိုင်ငံသားများ၏ အဓိကလိုအပ်ချက်ဖြစ်သော အခြေခံကျန်းမာရေး စောင့်ရှောက်မှုနှင့် ကူးစက်ရောဂါဆိုင်ရာ ကာကွယ်မှု၊ လျော့ချမှုနှင့် အမြစ်ပြတ်ကုသနိုင်ရေးအတွက် အထူးအလေးထား ဆောင်ရွက်သွားမည်။

၃။ နိုင်ငံသားများအတွက် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ရာတွင် လိုအပ်သော ဘက်ဂျက်အတွက် နိုင်ငံတော်မှ လုံလောက်စွာ ထားရှိပေးနိုင်ရေးနှင့် အခြားလိုအပ်သော အကူအညီများအတွက် ပြည်တွင်း ပြည်ပအကူအညီများအား လက်ခံရယူကာဖြင့် အစိုးရအဖွဲ့များ၏ ဦးဆောင်လမ်းညွှန်မှုများဖြင့် ကြိုးပမ်းဆောင်ရွက်သွားမည်။

၄။ သွားလာရန် ခက်ခဲသော ကျေးလက်ဒေသများ၊ နယ်စွန်နယ်ဖျားဒေသများရှိ ပြည်သူများနှင့် တိုင်းရင်းသားများ၏ ကျန်းမာရေးကို စောင့်ရှောက်မှုပေးနိုင်ရန် အတွက်လိုအပ်သောကျေးလက်ကျန်းမာရေးဌာနများ၊ ဒေသန္တရကျန်းမာရေးဌာနများ၊ အစိုးရဆေးရုံများ အဆင့်အတန်းမီ လိုအပ်သော ခေတ်မီဆေးဝါး၊ ဝန်ဆောင်မှုများ ပြည့်မီစွာထားရှိပေးနိုင်ရေးနှင့်လိုအပ်သောကျန်းမာရေးဝန်ထမ်းအင်အားများ ခန့်အပ်ထားရှိပေးနိုင်ရေးတို့အတွက် ဆောင်ရွက်သွားမည်။

၅။ နိုင်ငံသားများ၏ ကျန်းမာရေးကို စောင့်ရှောက်မှုပေးနိုင်ရန်အတွက် လိုအပ်သောဆေးပညာရပ်များ၊ ဆေးကုသနည်းများ၊ ဆေးဝါးထုတ်လုပ်နည်းများ၊ တိုင်းရင်းဆေးဝါးပညာများ ဖွံ့ဖြိုးတိုးတတ်ရေးတို့ကို နိုင်ငံတကာစံချိန် စံနှုန်းများနှင့် အမီလိုက်နိုင်ရေး အလေးထား ဆောင်ရွက်သွားမည်။

၆။ ကျန်းမာရေးဝန်ထမ်းများအနေဖြင့် အများပြည်သူအပေါ် ကျန်းမာရေးဝန်ဆောင်မှုပေးရာတွင် ကျန်းမာရေးဝန်ထမ်းကျင့်ဝတ် **(Medical Ethics)**နှင့်အညီ အပြည့်အဝ လုပ်ဆောင်နိုင်ရေးနှင့် ပေါ်ပေါက်လာတတ်သည့် အထွေထွေလိုအပ်ချက်များ၊ ကူညီထောက်ပံ့မှုများ၊ ကြီးကြပ်မှုအစီအစဉ်များစသည့် ကျန်းမာရေးဝန်ဆောင်မှု အထောက်အပံ့များကို ကူညီပံ့ပိုးပေးနိုင်ရန် အထူးအလေးထား ဆောင်ရွက်သွားမည်။

၇။ ကလေးသူငယ်၊ မသန်စွမ်းသူ၊ သက်ကြီးရွယ်အိုများအတွက် လိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှု၊ လူမှုဘဝကာကွယ်စောင့်ရှောက်မှုလုပ်ငန်းစဉ်များကို အစိုးရအဖွဲ့များမှ ဦးဆောင် လုပ်ကိုင်သွားမည်ဖြစ်ပြီး ပြည်တွင်း၊ ပြည်ပ အကူအညီပေးသောပုဂ္ဂိုလ်၊အဖွဲ့အစည်းများနှင့်လည်း လွတ်လပ်ပွင့်လင်းစွာပူးပေါင်းဆောင်ရွက်သွားမည်။

၈။ သဘာဝဘေးအန္တရာယ်ဒဏ်ကြောင့်ဖြစ်ပေါ်လာမည့် ဆိုးကျိုးများကို လျှော့ချနိုင်ရေး၊ ကြိုတင်ပြင်ဆင်ကာကွယ်နိုင်ရေး၊ လိုအပ်သော ပညာပေးစီမံကိန်းများ ကျယ်ပြန့်လုံလောက်စွာ လုပ်ဆောင်ပေးရေးနှင့် ဘေးဒဏ်သင့်ဒေသများရှိ ပြည်သူများ၏ လူနေမှုဘဝများအား ကူညီကယ်တင်၍ ပြန်လည်ထူထောင်နိုင်ရေးလုပ်ငန်း

စီမံချက်များ ချမှတ်ဆောင်ရွက်သွားမည်။

## ပညာရေးနှင့် ကျောင်းသားလူငယ်ကဏ္ဍ

၁။ လက်တွေ့ဘဝအတွင်း အနီးစပ်ဆုံး အသုံးချ နိုင်စေရမည့် ပညာသင်ကြားမှု များကိုအခြေခံပြီး ဘာသာရပ်ဆိုင်ရာ ပညာသင်ကြားမှုများ ပြီးမြောက်ပါက အသက်မွေးဝမ်းကျောင်းမှု အလွယ်တကူ ပြုနိုင်ရန် အခွင့်အလမ်းများ ဖန်တီးပေးနိုင်သော ပညာရေးစနစ်မျိုး ဖြစ်စေရန် ဆောင်ရွက်သွားမည်။

၂။ ပညာသင်ကြားရာတွင်လူမျိုး၊ဘာသာ၊အသက်အရွယ်၊ လူတန်းစား၊ ကျန်းမာသန်စွမ်းမှု၊ ကျား/မ ကွဲပြားမှုတို့အလိုက် ခွဲခြား ကန့်သတ်မှုမျိုးများအား တတ်နိုင်သမျှ မရှိစေသော ပညာရေးစနစ်မျိုး ဖြစ်စေရန် ဆောင်ရွက်သွားမည်။

၃။ မူလတန်းပညာအား အခမဲ့အဖြစ်လည်းကောင်း၊ အလယ်တန်းပညာရေးတွင် အခြေခံအသက်မွေးဝမ်းကျောင်းအတတ်ပညာများအား ထည့်သွင်း သင်ကြားစေခြင်းဖြင့်လည်းကောင်း၊ အထက်တန်းပညာရေးတွင် လိုအပ်သော ဘာသာရပ်ဆိုင်ရာ လက်တွေ့သင်ကြားမှုများအား သင်ကြားစေခြင်းဖြင့်လည်းကောင်း၊ အတန်းစဉ်တိုင်း အလိုက်ဘာသာစကားဆိုင်ရာအခြေခံ၊အလယ်အလက်၊အဆင့်မြင့်အစရှိသဖြင့်တွဲဖက် သင်ကြားစေသောအဆင့်မြင့်ပညာရေးစနစ်မျိုးအားဆောင်ရွက်သွားမည်။

၄။ အကြောင်းအမျိုးမျိုးကြောင့်ကျောင်းပြင်ပသို့ ရောက်ရှိနေရသည့် ကျောင်းနေအရွယ်ကလေးသူငယ်များအတွက်ကျောင်းပြင်ပပညာရေးစနစ်တစ်ရပ် ပေါ်ပေါက်ရေး ဆောင်ရွက်သွားမည်။

၅။ နိုင်ငံတကာနှင့် ရင်ဘောင်တန်းနိုင်သော အဆင့်မြင့်ပညာရေးစနစ်မျိုး ဖြစ်အောင် လိုအပ်ချက်များအလိုက် ဖြည့်ဆည်း ဆောင်ရွက်သွားမည်။

၆။ ကျောင်းသားလူငယ်များအား တိုးတတ်ကောင်းမွန်သော နိုင်ငံတော်၏ အနာဂတ်အား ဖော်ဆောင်ပေးမည့်သူများအဖြစ် တန်ဖိုးထား၍ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊ အတွေးအခေါ်မှန်ကန်ရေးနှင့် ဗလငါးတန် တိုးတတ်ဖွံ့ဖြိုးရေး အတွက်ရှေ့ရှုကာ ၎င်းတို့၏ စွမ်းဆောင်ရည်အလိုက် ဖော်ထုတ်နိုင်ခွင့်ပေးသော ပညာရေးစနစ်မျိုး ဖြစ်စေရန် အထူးအလေးထား ဆောင်ရွက်သွားမည်။

၇။ ဘက်ပေါင်းစုံ အတွေးအခေါ်အယူအဆ မှန်ကန်၍ အကျင့်စာရိတ္တ ကောင်းမွန်ပြီး နိုင်ငံတော်တည်ဆောက်ရေးအတွက် အကျိုးပြုမည့် ခေတ်မီပညာရေးစနစ်မျိုးဖော်

ဆောင်နိုင်ရေးဆောင်ရွက်သွားမည်။

၈။ အဆင့်မြင့်ပညာရေးစနစ်တစ်ရပ်အကောင်အထည်ဖော်ဆောင်ရာတွင် အဓိက ကျသော ပညာရေးဝန်ထမ်းများ၏ အရည်အသွေး ပြည့်မီမှုအား အစဉ်ထိန်းသိမ်း တိုးတတ်မှု ရှိစေရန်နှင့် ၎င်းတို့၏ကျင့်ဝတ် သိက္ခာများအား အနှောက်အယှက် ဖြစ်စေ သောအခက်အခဲ၊ အဟန့်အတားများအား ကျော်လွှားနိုင်မည့် ပံ့ပိုးမှုများ၊ ကာကွယ် စောင့်ရှောက်မှုများ ပြုပေးသွားမည်။

၉။ ပုဂ္ဂလိကပညာရေးဝန်ဆောင်မှုလုပ်ငန်းများအားကြီးကြပ်အားပေးသွားမည်။

၁၀။ လူငယ်များ အနာဂတ်ကာလတွင်လမ်းလွဲ မရောက်စေရေးအတွက် ၎င်းတို့နှင့် သင့်တော်သော အလုပ်အကိုင်အခွင့်အလမ်းများဖန်တီးပေး၍ အလုပ်လက်မဲ့ ပြဿနာ ကိုဖြေရှင်းပေးခြင်းဖြင့် တာဝန်ယူ ဆောင်ရွက်ပေးသွားမည်။

## <u>လူ့အခွင့်အရေးနှင့် လူတန်းစေ့နေနိုင်ရေးကဏ္ဍ</u>

၁။ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကြေညာစာတမ်း အပါအဝင် အခြားသော လူ့အခွင့်အရေးဆိုင်ရာ သဘောတူစာချုပ်များနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေတို့တွင်ပါရှိ သောလူ့အခွင့်အရေးများကို စံချိန်စံညွှန်းများနှင့်အညီ နိုင်ငံသားများ ရရှိ ခံစားနိုင်ရေး ဆောင်ရွက်သွားမည်။

၂။ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကြေညာစာတမ်းပါ အချက်များကို နိုင်ငံ တော်၏ တည်ဆဲဥပဒေများတွင်ကိုးကားထည့်သွင်းပြဋ္ဌာန်းနိုင်ရေးလုပ်ဆောင်ခြင်းဖြင့် နိုင်ငံသားများ၏ လူ့အခွင့်အရေးများ အပြည့်အဝ ရရှိနိုင်ရေး အာမခံ ဆောင်ရွက် သွားမည်။

၃။ အသက်ရှင်ခွင့်၊ လုံခြုံခွင့်၊လွတ်လပ်ခွင့်၊လွတ်လပ်စွာသွားလာခွင့်၊ တရားရေး အရစီရင်ခံပိုင်ခွင့် အစရှိသော နိုင်ငံသားများ ရထိုက်ခွင့်ရှိသည့် နိုင်ငံသားအခွင့်အရေး **(Civil Rights)** များကို မည်သူတစ်ဦးတစ်ယောက်၏ တရားလက်လွတ်နှောက်ယှက် ခံရခြင်းမျိုး မရှိစေရန် ဆောင်ရွက်သွားမည်။

၄။ နိုင်ငံတော်ရှိ အစိုးရအဖွဲ့များ၏ လုပ်ငန်းရေးရာများတွင်နိုင်ငံသားများ ပါဝင် ပတ်သက်ခွင့်များဖြစ်ကြသော မဲပေးပိုင်ခွင့်၊ ရွေးချယ်ခံပိုင်ခွင့်၊ အစိုးရ၏ မူဝါဒများ **(Governments' Policies)** ချမှတ် ဆောင်ရွက်မှုကို သိရှိ ပါဝင် လုပ်ဆောင်ခွင့်၊ လွတ်လပ်စွာပြောဆိုခွင့်၊ သတင်းဌာနများလွတ်လပ်ခွင့်၊ လွတ်လပ်စွာ စုဝေးခွင့် အစရှိ

သည့် နိုင်ငံရေးအခွင့်အရေးများ **( Political Rights )**ကို နိုင်ငံသားများ အပြည့်အဝ ရရှိရေး ဆောင်ရွက်သွားမည်။

၅။ ပညာသင်ကြားခွင့်၊ အလုပ်လုပ်ခွင့်၊ ကျန်းမာရေးနှင့်ကိုက်ညီသော အလုပ်ခွင် ရရှိခွင့်၊ တန်းတူလစာနှင့် တန်းတူအလုပ်လုပ်ခွင့်၊ မိမိဘာသာစကားထိန်းသိမ်းအလုပ် လုပ်ခွင့်အစရှိသော လူသားတို့၏ဘဝလူနေမှုအဆင့်အတန်းများ တိုးတက်မြင့်မားလာ အောင် အဆင့်ဆင့် ဖြည့်ဆည်းပေးရသည့် စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ အခွင့်အရေးများ **( Economic, Social and Cultural Rights )** ကို နိုင်ငံသား များ အပြည့်အဝ ရရှိရေး ဆောင်ရွက်ပေးသွားမည်။

၆။ လိင်ကွဲပြားမှုအပေါ် အခြေခံ၍ ခွဲခြားကန့်သတ်ခံထားရသော အမျိုးသမီးများ ၏နိုင်ငံသားအခွင့်အရေး၊အမျိုးသမီးများအတွက်တရားဥပဒေအရသတ်မှတ်ပေးထား သည့် အဆင့်အတန်းစံနှုန်းများအပြင် အမျိုးသမီးများ မျိုးဆက်ပြန့်ပွားရေးအခွင့် အရေးနှင့်အချို့သောယဉ်ကျေးမှုလက်ခံချက်များနှင့်စပ်လျဉ်းပြီး အမျိုးသမီးများအား နည်းမျိုးစုံဖြင့်ခွဲခြားထားမှုအားလုံး ပပျောက်ရေး သဘောတူစာချုပ် **(Convention on the Elimination of all Forms of Discrimination against Women-CEDAW)**ပါအချက်များအားလေးစားလိုက်နာပြီးဆောင်ရွက်သွားမည်။

၇။ ကလေးသူငယ်အခွင့်အရေးနှင့်စပ်လျဉ်းပြီး -

- ❖ ကလေးသူငယ်များအတွက် လုံလောက်သော နေထိုင်မှုအဆင့်အတန်း၊ အိမ်ယာ၊ အာဟာရနှင့်ဆေးဝါးကုသမှုဆိုင်ရာ ရယူခွင့်အစရှိသော **<u>အသက်ရှင် ရပ်တည်ခွင့်အခွင့်အရေးများ၊</u>**

- ❖ ကလေးသူငယ်များအတွက် သူတို့၏ စွမ်းရည် ရှိသမျှ ဖွံ့ဖြိုးတိုးတက် နိုင်ရန် လိုအပ်သော ပညာသင်ကြားခွင့်၊ အားကစားနှင့် အပန်းဖြေ အနားယူခွင့်၊ ယဉ်ကျေးမှုလှုပ်ရှားမှုများ၊ သတင်းများ ရယူပိုင်ခွင့်၊ လွတ်လပ်စွာတွေးခေါ် ခွင့်နှင့် ကိုးကွယ်ယုံကြည်ခွင့် အစရှိသော **<u>ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အခွင့် အရေးများ၊</u>**

- ❖ ကလေးသူငယ်များအပေါ် မတရားပြုမူခြင်း၊လစ်လျူရှုခြင်းနှင့် အမြတ်ထုတ် စော်ကားခြင်း အစရှိသည့် ကျူးလွန်မှုများမှ အကာအကွယ် ပြုပေးရာရောက် စေသော ဒုက္ခသည်ကလေးငယ်များအားကာကွယ်ပေးခြင်း၊ နှိပ်စက်မှု များမှ ကာကွယ်ပေးခြင်း၊ ရာဇဝတ်ဥပဒေများအောက်ရှိ ကလေးများကို ကာကွယ်

ပေးခြင်း၊ လက်နက်ကိုင်စစ်ပွဲများအတွင်းမှ ကလေးငယ်များကို ကာကွယ်စောင့်ရှောက်ခြင်း၊ကလေးအလုပ်သမားစေခိုင်းမှုမှတားဆီးခြင်း၊ကလေးများအပေါ် လိင်ပိုင်းဆိုင်ရာ စော်ကားမှုများ မဖြစ်အောင် တားဆီးစောင့်ရှောက်ပေးခြင်း အစရှိသည့် **<u>ကာကွယ်မှုဆိုင်ရာအခွင့်အရေးများ</u>**

❖ ကလေးငယ်များအနေဖြင့် ၎င်းတို့၏မိသားစု၊ ယဉ်ကျေးမှုနှင့်လူမှုဘဝများထံတွင် ပါဝင်ခွင့်ရှိခြင်း၊ ကလေးငယ်များအား ၎င်းတို့နှင့်ပတ်သက်သည့် အကြောင်းအရာများကို တိုင်ပင်ဆွေးနွေးရာတွင် အသိပေးခြင်း၊ ကလေးငယ်များအား၎င်းတို့၏ယူဆချက်များကိုထည့်သွင်းစဉ်းစားပေးခြင်း၊ကလေးငယ်များအား လွတ်လပ်စွာ တင်ပြ ပြောဆိုခွင့်၊ အဖွဲ့အစည်းများ ဖွဲ့စည်းခွင့်၊ ငြိမ်းချမ်းစွာ စုဝေးခွင့် အစရှိသော **<u>ပါဝင်ဆောင်ရွက်မှုဆိုင်ရာအခွင့်အရေးများ</u>** တည်းဟူသော ကလေးသူငယ်ဆိုင်ရာ အခွင့်အရေးများအား ကလေးတိုင်းအပြည့်အဝရရှိ ခံစားနိုင်ရေး အလေးထား ဆောင်ရွက်သွားမည်။

၈။ လူ့အခွင့်အရေး၊ လူတန်းစားအခွင့်အရေး၊ မျိုးနွယ်စု အခွင့်အရေးများအား လေးစားလိုက်နာ ကူညီဆောင်ရွက်ပေးခြင်းဖြင့် နိုင်ငံသားများ၏ လူ့ဘဝသက်တမ်းတစ်လျှောက် လူတန်းစေ့နေနိုင်ရေး အလေးအနက်ထား ဆောင်ရွက်သွားမည်။

## <u>ငြိမ်းချမ်းရေးနှင့် တိုင်းရင်းသားရေးရာကဏ္ဍ</u>

၁။ လွတ်လပ်ပြီး တရားမျှတသော ငြိမ်းချမ်းရေး မူဝါဒကို ဖော်ဆောင်သွားမည်။

၂။ တိုင်းရင်းသားမျိုးနွယ်စုများ၏ လိုလားချက်များအား ညှိနှိုင်းဆောင်ရွက်ပေးရာတွင် အခြေခံကျသော အချက်များအပေါ် အဓိကထား အရင်းတည်ကာဖြင့် ပြည်ထောင်စုမပြိုကွဲရေးအား အထူးအလေးအနက်ထား ကာကွယ်ဆောင်ရွက်၍ ငြိမ်းချမ်းရေးကို တည်ဆောက်သွားမည်။

၃။ နိုင်ငံတော်အတွင်း လက်နက်ကိုင်တိုက်ပွဲများ အပြီးတိုင် ချုပ်ငြိမ်းရေးသည် နိုင်ငံနှင့် လူမျိုးအတွက် မရှိမဖြစ် လိုအပ်သည့် ပန်းတိုင်ဖြစ်သည့် အားလျော်စွာ တိုင်းရင်းသားအချင်းချင်းအကြားရှိအမြင်လွဲမှားမှုများ၊ အကျိုးစီးပွားဆိုင်ရာ မညီမျှမှုများ၊ အတိတ်ကာလမှ ယနေ့တိုင် စွဲထင်ကျန်ရှိနေသည့် အပြန်အလှန် ကျူးလွန်ခဲ့မှု အရိပ်မည်းများအား နိုင်ငံသားအားလုံး၏ နိုင်ငံချစ်စိတ်ဖြင့် အပြန်အလှန် နားလည်မှု ရယူကာဖြင့် ငြိမ်းချမ်းရေးပန်းတိုင်ဆီ အရောက်လှမ်းနိုင်ရေး ဆောင်ရွက်သွားမည်။

၄။ နိုင်ငံသားများအပေါ် တစ်နည်းနည်းဖြင့် တစ်စုံတစ်ရာ ထိခိုက်နစ်နာစေမှုပြု

ခြင်း၊နိုင်ငံတော်၏ အကျိုးစီးပွားများအား ဆက်ယုက်နစ်နာစေခြင်းသည် နိုင်ငံချစ်စိတ်ဓာတ်မျိုး မဟုတ်ပဲ အဖျက်လုပ်ရပ်များသာဖြစ်ကြောင်း နားလည် ခံယူကာဖြင့် သတိပြု ဆင်ခြင်စေပြီး တရား ငြိမ်းချမ်းရေးကို တည်ဆောက်သွားမည်။

၅။ စစ်မှန်သော တရားငြိမ်းချမ်းရေး တည်ဆောက်ရန် ညှိနှိုင်းဆွေးနွေးရာတွင် အပြန်အလှန်လိုလားတောင်းဆိုချက်များကို အပြန်အလှန် တာဝန်ယူမှု တာဝန်ခံမှုများနှင့် ထည့်သွင်းထိန်းညှိကာ လိုက်နာဆောင်ရွက်သွားစေမည် ဖြစ်သည်။

၆။ နိုင်ငံတော်အတွင်းရှိ တိုင်းရင်းသားများ၏ ဘာသာစကား၊ ဘာသာရေး ကိုးကွယ်ယုံကြည်မှု၊ စာပေအနုပညာ၊ ယဉ်ကျေးမှု ဓလေ့ထုံးစံ အစဉ်အလာများ ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့အား လေးစားတန်ဖိုးထား အသိအမှတ်ပြုကာ ကူညီသွားမည်ဖြစ်ပြီး၊ စော်ကားနှောက်ယှက်သူများအပေါ် ဟန့်တား အရေးယူသွားမည်ဖြစ်သည်။

၇။ တိုင်းရင်းသားအချင်းချင်း သွေးစည်းညီညွတ်ရေး၊ အပြန်အလှန် ချစ်ကြည် လေးစားရေး၊ ရိုင်းပင်းကူညီရေးတို့ တိုးတက်ဖြစ်ထွန်းစေရန်နှင့် တိုးတက်ဖွံ့ဖြိုးမှု နည်းပါးနေသည့်တိုင်းရင်းသားများ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လမ်းပန်း ဆက်သွယ်ရေး စသည်တို့ ပါဝင်သော လူမှုစီးပွားဘဝများ တိုးတက်ဖွံ့ဖြိုးရေးအတွက် ကူညီဆောင်ရွက်သွားမည်။

## ဥပဒေပြုရေးနှင့်လူမှုဘဝများတိကျရေရာသောအကာအကွယ်များရရှိရေး ကဏ္ဍ

၁။ နိုင်ငံနှင့် လူမျိုးအတွက် အကျိုးမပြုသော ဥပဒေများ၊ ခေတ်စနစ်နှင့် အံမဝင် တော့သော ဥပဒေများအား ပယ်ဖျက်/ ပြင်ဆင်/ အစားထိုးနိုင်ရေး လူတန်းစားအလွှာ အသီးသီးအလိုက်လိုအပ်သောဥပဒေများပြည့်စုံစွာရေးဆွဲပြဋ္ဌာန်းအတည်ပြု အကောင် အထည်ဖော်ပေးနိုင်ရေး ဆောင်ရွက်သွားမည်။

၂။ တည်ဆဲဥပဒေများအား အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ဖြစ်စေ၊ ဥပဒေပြဋ္ဌာန်းချက်အသစ်များရေးဆွဲရာတွင်ဖြစ်စေလူ့အခွင့်အရေး စံချိန်စံနှုန်းများနှင့် ချိန်ညှိ ဆောင်ရွက်သွားမည်။

၃။ နိုင်ငံသားများ၏ လွတ်လပ်ခွင့်၊လုပ်ပိုင်ခွင့်၊ခံစားခွင့်၊တာဝန်နှင့် တားမြစ်ချက် များ ထိရောက်ခိုင်မာပြည့်စုံစေရန် လိုအပ်သော ဥပဒေများ ပြဋ္ဌာန်းပေးမည်။

၄။ နိုင်ငံတော်ရှိ ကဏ္ဍများအလိုက် စည်းကြပ်ရန် လိုအပ်သော ဥပဒေများကို ပြည့်စုံစွာ ပြင်ဆင်၊ အစားထိုး၊ အသစ်ရေးဆွဲပြဋ္ဌာန်းရာတွင် လတ်တလော အရေးပေါ် အာဏာ သက်ဝင်စေရန် လိုအပ်သော ဥပဒေများနှင့် နိုင်ငံတော်လုံခြုံရေးအတွက် လျှို့ဝှက်အပ်သောဥပဒေပြဋ္ဌာန်းချက်များမှအပ ရင်းဥပဒေ၊ ပြဋ္ဌာန်းချက်များကို အများ ပြည်သူမှ သိရှိ ဝေဖန် အကြံပြုနိုင်ရေးအတွက် အတိအလင်း ကြေညာ၍ ဖော်ပြပေး ခြင်းဖြင့် ဥပဒေပြုရေးအခန်းကဏ္ဍတွင်ပြည်သူများအား တိုက်ရိုက် ပါဝင်မှု ပေးနိုင်ရန် ဆောင်ရွက်သွားမည်။

၅။ နိုင်ငံတော်တည်ငြိမ်ရေးနှင့် တရားဥပဒေစိုးမိုးရေးကို ထိန်းသိမ်းကာကွယ် အကောင်အထည်ဖော်ဆောင်သည့်အနေဖြင့် တည်ဆဲဥပဒေများအား အကောင် အထည်ဖော်ဆောင်ရွက်ရသည့် တာဝန်ရှိ ပုဂ္ဂိုလ်၊ အဖွဲ့အစည်းများအပေါ် အပြည့်အဝ ထိန်းကျောင်းမှုပြုနိုင်ရန် လိုအပ်သော ဥပဒေပြဋ္ဌာန်းချက်များ ထပ်မံဖြည့်စွက် ရေးဆွဲ သွားမည်။

၆။ ပြည်သူများ၏ လူမှုဘဝများ တိကျရေရာသော အကာအကွယ်များ ရရှိရေး အတွက်ကျူးလွန်သူများအပေါ် ထိုက်သင့်သော အပြစ်ဒဏ်များဖြင့် အရေးယူနိုင်မည့် ဥပဒေများ၊ အချိန်နှင့်တပြေးညီ အရေးယူဆောင်ရွက်မှုများ ပြုလုပ်နိုင်ရေးအတွက် လိုအပ်သော လတ်တလော ပြဋ္ဌာန်းချက်များ ရေးဆွဲ ဆောင်ရွက်သွားမည်။

၇။ နိုင်ငံတော်နှင့်နိုင်ငံသားများ၏ ရေတို၊ရေရှည်အကျိုးစီးပွားဖြစ်ထွန်းစေသည့် စီးပွားရေးလုပ်ငန်းများအား ခွင့်ပြုပေးရာတွင် နိုင်ငံတော်၏သယံဇာတများ ပြုန်းတီး အောင် ထုတ်ယူသုံးစွဲမှုနှင့် ယဉ်ကျေးမှုအမွေအနှစ်များ ပျောက်ပျက်စေမှုများကို ထိန်းသိမ်းကာကွယ်နိုင်ရန် လိုအပ်သည့် ဥပဒေများ ရေးဆွဲ ပြဋ္ဌာန်းသွားမည်။

## <u>အုပ်ချုပ်ရေးနှင့် အဂတိကင်းစင်သော လူမှုဘဝ အသိုက်အဝန်း ရရှိရေး ကဏ္ဍ</u>

၁။ အုပ်ချုပ်ရေးကဏ္ဍအလိုက်အတွေ့အကြုံနှင့်အရည်အသွေးပြည့်မီသော အကြီး အကဲများ၊ ဝန်ထမ်းများ၊ အဖွဲ့အစည်းများအား ခန့်အပ်ဖွဲ့စည်း တာဝန်ပေးသွားမည်။

၂။ အုပ်ချုပ်ရေးကဏ္ဍသည် ပြည်သူများနှင့် အနီးစပ်ဆုံး ထိတွေ့မှု ရှိနေရသည့် အားလျော်စွာ အပြန်အလှန် လေးစားယုံကြည်မှုများ ထားရှိ၊ ရရှိနိုင်ရေးအတွက် ပွင့်လင်းမြင်သာ၍ အဂတိတရား ကင်းစင်သော၊ ထိရောက်မှန်ကန် မြန်ဆန်တိကျ သော အုပ်ချုပ်ရေးဆိုင်ရာ ဝန်ဆောင်မှုများ ရရှိရေးဆောင်ရွက်သွားမည်။

၃။ အများပြည်သူ၏လေးစားယုံကြည်မှုရှိ၍ အဂတိတရားကင်းစင်သောအုပ်ချုပ်

ရေးစနစ်တစ်ခုအား အကောင်အထည်ဖော်ရာတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်ရသော အုပ်ချုပ်ရေးယန္တရား၏ လူပုဂ္ဂိုလ်၊အဖွဲ့အစည်းများအတွက်အခက်အခဲ၊ အဟန့်အတားများအား ထောက်ပံ့ ကူညီ တာဝန်ယူဆောင်ရွက်ပေးသွားမည်။

## <u>တရားစီရင်ရေးနှင့် လူမှုဘဝ တရားမျှတမှု ရရှိရေးကဏ္ဍ</u>

၁။ တည်ဆဲဥပဒေများပါပြဋ္ဌာန်းချက်များအပေါ်လေးစားလိုက်နာ၍တရားဥပဒေစိုးမိုးရေးကို အကောင်အထည် ဖော်ဆောင်ရာတွင် လွတ်လပ်သော တရားစီရင်ရေးအာဏာဖြင့် အဂတိတရားကင်းစင်သော တရားစီရင်မှု ပြုစေရမည်။

၂။ နိုင်ငံတော်အတွင်းရှိ နိုင်ငံသားများ ရင်ဆိုင်နေရသည့် မတူကွဲပြားသော အချင်းများမှု ပဋိပက္ခများအား ပြည့်စုံလုံလောက်မှန်ကန်မြန်ဆန်စွာ ပြေငြိမ်းစေရန်နှင့် တရားစီရင်ရေးယန္တရားအင်အား ခိုင်မာစေရန်အလို့ငှာ တရားရေးဝန်ကြီးဌာနတစ်ရပ်အား ထူထောင်သွားမည်။

၃။ နိုင်ငံသားအများစုအပေါ် စစ်ဆေးစီရင်ရသော အရပ်ဖက်တရားရုံးများအပြင် လယ်သမားတရားရုံး၊ အလုပ်သမားတရားရုံးအစရှိသဖြင့် သက်ဆိုင်ရာကဏ္ဍအလိုက်နှင့် လူတန်းစားအလိုက် စစ်ဆေးစီရင်ရသော သီးခြားတရားရုံးများ ထားရှိနိုင်ရေးဆောင်ရွက်သွားမည်။

၄။ နိုင်ငံသားများ ရင်ဆိုင်ဖြေရှင်းရမည့် တရားရေးဆိုင်ရာ အမှုအခင်းများကို စစ်ဆေးစီရင်နိုင်ခွင့်အာဏာသည် တရားစီရင်ရေးအာဏာပိုင်အဖွဲ့အစည်းများထံ၌သာ ရှိစေရမည်။

၅။ နိုင်ငံတော်အချုပ်အခြာအာဏာ၏ ခက်မကြီးသုံးဖြာအနက် တစ်ခုအပါအဝင်ဖြစ်သော တရားစီရင်ရေးအာဏာအပေါ် ကန့်သတ်ချုပ်ချယ်ခြင်း ကင်းစေရမည်။

၆။ ဥပဒေအရ ကန့်သတ်ချက်များမှအပ အများပြည်သူရှေ့မှောက်တွင် တရားစီရင်ရမည်ဖြစ်ပြီး ပြစ်မှုကျူးလွန်ကြောင်း သက်သေထင်ရှား ပြသနိုင်ခြင်း မရှိသရွေ့ တရားစွဲဆိုခံထားရသူအား စွပ်စွဲခံရသူအဖြစ် သက်မှတ်ရမည်ဖြစ်ပြီး ၎င်းအား တရားဥပဒေနှင့်အညီ ခုခံပိုင်ခွင့်နှင့် အယူခံပိုင်ခွင့် ရှိစေရမည်။

၇။ တရားစီရင်မှုပြုရာတွင် ကြီးလေးရက်စက်သော ပြစ်မှုကျူးလွန်သူများအပေါ် ထိရောက်ပြင်းထန်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပြီး လူ့ဂုဏ်သိက္ခာ ကင်းမဲ့စေသော အပြစ်ပေး၊ အရေးယူမှုမျိုးအား တတ်နိုင်သမျှ ထိန်းချုပ် ဆောင်ရွက်သွားမည်။

## လယ်သမားအရေးနှင့် မြေယာကဏ္ဍ

၁။ တောင်သူလယ်သမားများသည် နိုင်ငံတော်အတွင်းရှိ နိုင်ငံသားအများစုဖြစ်သည့်အားလျော်စွာ ၎င်းတို့ ရင်ဆိုင်နေရသော ပြဿနာရပ်များအပေါ် အလေးအနက်ထား ဖြေရှင်းဆောင်ရွက်ပေးသွားမည်။

၂။ စိုက်ပျိုးရေးလုပ်ငန်းဆိုင်ရာလိုအပ်ချက်များနှင့် အခက်အခဲများအား အတတ်နိုင်ဆုံးနှင့် ထိရောက်မှုအရှိဆုံး ထောက်ပံ့ကူညီဖြေရှင်းပေးသွားမည်ဖြစ်ပြီး တောင်သူလယ်သမားများ၏ လယ်ယာလုပ်ငန်းခွင်အား အကူအညီပေးသွားမည်ဖြစ်သည်။

၃။ တောင်သူလယ်သမားများ၏ အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရန်လိုအပ်သည့်ဥပဒေများသတ်မှတ်ပြဋ္ဌာန်းပေးနိုင်ရေးနှင့်စိုက်ပျိုးထွက်ရှိသည့်ကောက်ပဲသီးနှံများအတွက် သင့်တင့်မျှတသည့် တန်ဖိုးများရရှိရန် ကူညီဆောင်ရွက်မည်။

၄။ နိုင်ငံနှင့်အဝှမ်းဖြစ်ပွားနေသော လယ်ယာမြေဆိုင်ရာ အငြင်းပွားနေမှုများအပေါ်ထိရောက်မှန်ကန်မြန်ဆန်စွာဖြေရှင်းနိုင်ရေးအတွက် လိုအပ်နေသောဥပဒေများ၊ တောင်သူလယ်သမားတရားရုံးများ ဖွဲ့စည်းတည်ထောင်သွားမည်ဖြစ်ပြီး ပွင့်လင်းမြင်သာ တရားမျှတမှုရှိသော စစ်ဆေးစီရင်မှုများ ဆောင်ရွက်သွားမည်။

၅။ မြေယာပြဿနာရပ်များဖြေရှင်းဆောင်ရွက်ရာတွင်ယခင်လယ်ယာမြေဆိုင်ရာဥပဒေများနှင့် ညီညွတ်ခြင်း ရှိမရှိ တစ်ခုတည်းအပေါ်တွင်သာ ထည့်သွင်းစဉ်းစားခြင်းမျိုး မဟုတ်ပဲ ဘက်ပေါင်းစုံမှ ထည့်သွင်းသုံးသပ်ပြီး ဖြေရှင်းသွားမည်ဖြစ်ပြီး ယခင်ကာလ မြေယာပြဿနာများအား အချိန်ကာလ ကန့်သတ်၍ ပြီးပြတ်အောင် ဖြေရှင်းဆောင်ရွက်သွားမည်ဖြစ်သည်။

၆။ စိုက်ပျိုးရေးလုပ်ငန်း ခေတ်မီဖွံ့ဖြိုးတိုးတက်မှု ရှိစေရေး၊ နိုင်ငံခြားဝင်ငွေရရှိစေရေးနှင့်တောင်သူများ၏တစ်ဦးချင်း၊တစ်မိသားစုချင်းဝင်ငွေတိုးပွား၍တောင်သူလယ်သမားများဘဝအစဉ်တိုးတက်မြင့်မားစေရေးအတွက် နိုင်ငံတကာမှ စိုက်ပျိုးရေးနည်းပညာများအား ချိတ်ဆက်လေ့လာကာ အကောင်အထည်ဖော် ဆောင်ရွက်သွားမည်။

၇။ နိုင်ငံတော်အတွင်းရှိ ဒေသခံ တောင်သူလယ်သမားများ၏ စားဝတ်နေရေးဖူလုံလောက်ငမှု ရှိစေရေး၊ မိသားစုဘဝများ အဆင့်တန်းမြင့်မားရေးအတွက် ရှိရင်းစွဲလက်ရှိထားလုပ်ကိုင်လျှက်ရှိသော လယ်ယာမြေလုပ်ပိုင်ခွင့်များ အာမခံချက်ရှိရေးနှင့် လုံလောက်မှု မရှိသော စိုက်ပျိုးမြေယာလိုအပ်ချက်အတွက် မြေလွတ်၊မြေလပ်၊ မြေရိုင်း

များ ဖော်ထုတ်လုပ်ကိုင်နိုင်ရေး ဆောင်ရွက်သွားမည်။

## အလုပ်သမား၊ အလုပ်ရှင်နှင့် နိုင်ငံ့ဝန်ထမ်းများကဏ္ဍ

၁။ အလုပ်သမားများ၏ လုပ်ငန်းခွင့်ဘဝ လုံခြုံ၍ အာမခံချက်ရရှိရေး၊ သက်သာချောင်ချိရေး၊ သင့်လျော်သော လုပ်ခလစာ ရရှိရေးနှင့် အငြိမ်းစားလစာ ရရှိရေးတို့ အပါအဝင် အလုပ်သမားများ၏ အခွင့်အရေးများ ပြည့်စုံ လုံလောက်စွာ ရရှိရေးနှင့် ရှိရင်းစွဲ အခွင့်အရေးများအား ကာကွယ်စောင့်ရှောက်ရန် လိုအပ်သည့် ဥပဒေများအား ပြဋ္ဌာန်းဆောင်ရွက်မည်။

၂။ ပြည်တွင်းအလုပ်သမားများအရေးနှင့် စပ်လျဉ်းပြီး တည်ဆဲလုပ်သားရေးရာ ဥပဒေများအပေါ် လေ့လာဆန်းစစ်၍ အားနည်းချက်များအား ဖြည့်စွက်ပြင်ဆင်ခြင်း၊ လိုအပ်ပါက လုပ်သားရေးရာ ဥပဒေများ အသစ်ရေးဆွဲခြင်းများအား ဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ လူ့စွမ်းအားအရင်းအမြစ်ကို စနစ်တကျ အကျိုးရှိစွာ အသုံးချနိုင်ရေးအတွက် မူဝါဒများ ချမှတ်လုပ်ဆောင်ရာတွင် မြန်မာနိုင်ငံသားအလုပ်သမားများအား ပြည်ပသို့စနစ်တကျသွားရောက်လုပ်ကိုင်နိုင်စေရေးနှင့် ပြည်ပအလုပ်အကိုင်အခွင့်အလမ်းများအပြည့်အဝ ရရှိစေပြီး ရထိုက်ခွင့်ရှိသော ရပိုင်ခွင့်၊ အခွင့်အရေးများ နစ်နာဆုံးရှုံးမှု မရှိစေရေးတို့အတွက် ပြည်ပအလုပ်အကိုင်ဆိုင်ရာဥပဒေများတွင် ကဏ္ဍအလိုက် လုံလောက်စွာ ထည့်သွင်း ပြဋ္ဌာန်း အတည်ပြုနိုင်ရေး ဆောင်ရွက်သွားမည်။

၄။ နိုင်ငံ့ဝန်ထမ်းများအတွက် တိကျခိုင်မာသော အနာဂတ်ဘဝအာမခံချက်များ ရရှိရေး၊ အသိပညာရှင်အတတ်ပညာရှင်များအတွက် ထိုက်သင့်သော လူမှုဘဝအဆင့်အတန်းများရရှိရေးနှင့် နိုင်ငံသားများ၏ အလုပ်အကိုင်အခွင့်အလမ်း လိုအပ်ချက်များ ဖြည့်ဆည်း ဆောင်ရွက်ပေးသွားမည်။

၅။ မြန်မာနိုင်ငံသား စီးပွားရေးလုပ်ငန်းရှင်များ၏ လိုအပ်ချက်များအပေါ် အလေးအနက်ထား အကူအညီပေးခြင်းဖြင့် နိုင်ငံ၏ကုန်ထုတ်စွမ်းအားမြှင့်တင်ရေး ဆောင်ရွက်သွားမည်။

## ကာကွယ်ရေး၊ လုံခြုံရေးနှင့် အမျိုးသားရေးကဏ္ဍ

၁။ တပ်မတော်သည်နိုင်ငံတော်၏အချုပ်အခြာအာဏာကိုကာကွယ်စောင့်ရှောက်

ရန် မရှိမဖြစ် လိုအပ်သော လက်နက်ကိုင်အဖွဲ့အစည်းတစ်ရပ်ဖြစ်စေရမည်။

၂။ နိုင်ငံတော်၌ ကြုံတွေ့နေရသော ပြည်တွင်း၊ ပြည်ပ ပဋိပက္ခများအား နိုင်ငံရေးအရ ဖြေရှင်းရန် မဖြစ်နိုင်တော့သည့်အတွက် စစ်ရေးအရ ဖြေရှင်းရမည့် ကိစ္စရပ်များ ကြုံတွေ့လာပါက တပ်မတော်မှ ပြတ်ပြတ်သားသား ကိုင်တွယ်ဖြေရှင်းခွင့် ရရှိရေး ဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော် ပြိုကွဲရန် အနှောက်အယှက်ပြုလာသူများ၏ရန်မှ တားဆီးကာကွယ်စောင့်ရှောက်ရေး လုပ်ဆောင်ရာတွင် စစ်ရာဇဝတ်မှုများအား ထိထိရောက်ရောက် တားဆီးကာကွယ် အရေးယူဆောင်ရွက်သွားမည်။

၄။ စစ်ရေးစွမ်းရည်နှင့်နည်းပညာပိုင်းဆိုင်ရာ တိုးတတ်မြင့်မားပြီး ပြည်သူများမှ လေးစားအားထား ယုံကြည်ရသော မျိုးချစ်တပ်မတော်တစ်ရပ်အဖြစ် ရရှိရေး ဆောင်ရွက်သွားမည်။

၅။ နိုင်ငံတော်တည်ငြိမ်ရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးအတွက် ရာဇဝတ်မှုများလျော့နည်းပပျောက်ရေးဆောင်ရွက်ရာတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် အမြဲအသင့်ရှိနေစေရန် ဆောင်ရွက်သွားမည်။

၆။ ရာဇဝတ်မှုများအား နှိမ်နင်းရာတွင် ပြဋ္ဌာန်းဥပဒေများအတိုင်း တိတိကျကျ လေးစားလိုက်နာကာ လစ်ဟာမှုနှင့်အမှားအယွင်းများ မရှိစေရေးအတွက် စနစ်တကျ ပံ့ပိုးလေ့ကျင့်မှုများဖြင့်လည်းကောင်း၊ အချိန်နှင့်တစ်ပြေးညီ မှုခင်းများအား လိုက်ပါ စုံစမ်းထောက်လှမ်းနှိမ်နင်းမှု ပြုနိုင်ခြင်းဖြင့် တရားဥပဒေစိုးမိုးရေးအား အကောင်အထည်ဖော်ဆောင်နိုင်ရန်အတွက် လိုအပ်သော တပ်ဖွဲ့ဝင်အင်အားများ ဖြည့်တင်းဆောင်ရွက်သွားမည်။

၇။ အများပြည်သူ အေးချမ်းသာယာစွာ အသက်ရှင်နေထိုင်နိုင်ရေးကို ထိပါးနှောက်ယှက်လာမှုများအား ဦးဆောင် ကာကွယ်ရမည့် စွမ်းဆောင်ရည် ပြည့်ဝသော ကာကွယ်ရေးအဖွဲ့အစည်းများ ဖြစ်ပေါ်လာစေရေး ဆောင်ရွက်သွားမည်။

## <u>နိုင်ငံခြားရေးကဏ္ဍ</u>

၁။ ကမ္ဘာ့နိုင်ငံများနှင့် နိုင်ငံရေးအရ ဆက်ဆံရာ၌ မိမိတို့နိုင်ငံ၏ အချုပ်အခြာအာဏာအား ထိပါးလာသည့် အခြေအနေမျိုးမှလွဲ၍ အခြား အခြေအနေများတွင် သက်ဆိုင်ရာ နိုင်ငံအသီးသီးတို့၏အချုပ်အခြာအာဏာများအားအပြန်အလှန်လေးစား

မှုရှိသော ဆက်ဆံရေးကို တည်ဆောက်သွားမည်။

၂။ ကမ္ဘာ့နိုင်ငံအများ ပူးပေါင်းပါဝင်ဆောင်ရွက်ရသည့် အရေးကိစ္စများတွင် လွတ်လပ်တတ်ကြွပြီး ဘက်လိုက်မှု ကင်းသော နိုင်ငံခြားရေးမူကို ချမှတ်ဆောင်ရွက်သွားမည်။

၃။ ဒေသတွင်းနိုင်ငံများနှင့်ဆက်ဆံရာတွင်ဒေသတစ်ခုလုံး၏ အကျိုးစီးပွားအား တစ်နည်းနည်းဖြင့် ထိခိုက်လာနိုင်သည့်ကိစ္စရပ်များမှလွဲ၍အခြားဒေသတွင်း နိုင်ငံများ၏ပြည်တွင်းရေးအားဝင်ရောက်နှောက်ယှက်မှုမပြုရေးနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးစွာအပြန်အလှန်အကူအညီပေးခြင်းဖြင့်ဒေသတွင်းအကျိုးစီးပွားအား ကာကွယ်စောင့်ရှောက်သွားမည်။

၄။ ပြည်ပနိုင်ငံများနှင့် စီးပွားရေးအရ ဆက်ဆံရာတွင် နိုင်ငံတော်၏ အခြေခံ သယံဇာတအရင်းအမြစ်များ ထာဝရပြုန်းတီးနိုင်သည့် ကိစ္စရပ်များ၊ အမျိုးသား ယဉ်ကျေးမှုအမွေအနှစ်များ ပျောက်ကွယ်စေမည့် ကိစ္စရပ်များမှ လွဲ၍ အခြားကိစ္စရပ်များအား အပြန်အလှန် အကျိုးစီးပွားများဖြစ်ထွန်းရေးကို ရှေ့ရှု ဆောင်ရွက်သွားမည်။

၅။ ကမ္ဘာ့အဖွဲ့အစည်းများ၊ ဒေသတွင်းအဖွဲ့အစည်းများနှင့် ဆက်ခံရာတွင် ချစ်ကြည်ရင်းနှီး ခိုင်မာစွာ ဆက်ဆံသွားမည်။

၆။ ကမ္ဘာ့ငြိမ်းချမ်းရေး၊ ဒေသတွင်းငြိမ်းချမ်းရေးတို့အား ရှေ့ရှုလျှက် နိုင်ငံအချင်းချင်း မိတ်ဝတ်မပျက် ဆက်ဆံရာတွင် မိမိတို့ နိုင်ငံတော်၏ အချုပ်အခြာအာဏာနှင့် အမျိုးသားရေးအားထိပါးနှောက်ယှက်ရာရောက်သည့်ကိစ္စရပ်များမှလွဲ၍ သက်ဆိုင်ရာနိုင်ငံများ၏ လူမျိုးဘာသာ၊ ယဉ်ကျေးမှု၊ ရိုးရာအစဉ်အလာများအား အပြန်အလှန် လေးစား အသိအမှတ်ပြုသွားမည်။

**<u>အထွေထွေ</u>**

၁။ ပါတီ၏နိုင်ငံရေးဝါဒသဘောတရားနှင့်လုပ်ငန်းစဉ်များကိုပြင်ဆင်/ဖြည့်စွက်/ပယ်ဖျက်ရန်အကြောင်း ပေါ်ပေါက်လာပါက-

- ပါတီတည်ဆောက်ရေးကာလတွင် အထူးအစည်းအဝေးတစ်ရပ် ကျင်းပပြုလုပ်၍ ဗဟိုအလုပ်အမှုဆောင်ကော်မတီက ဆောင်ရွက်နိုင်ပြီး ဆောင်ရွက်ချက်များကို အနီးကပ်ဆုံး ညီလာခံတွင် တင်ပြအတည်ပြုခြင်းဖြင့်လည်းကောင်း၊

- နိုင်ငံလုံးဆိုင်ရာ ပါတီညီလာခံ ကျင်းပနိုင်သည့်အချိန်တွင် အနီးဆုံး ကျင်းပသည့်ညီလာခံတွင်လည်းကောင်း ဗဟိုကော်မတီ၏သုံးပုံနှစ်ပုံသော ဆန္ဒမဲဖြင့် အတည်ပြု ဆောင်ရွက်နိုင်သည်။